# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


## ဝီရိယကို မြဲမြံစွာအားထုတ်

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက် | ၂၀၂၅ ခုနှစ်၊ ဧပြီ ၂၂ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၄)၊ အမှတ် (၂၀၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မန္တလေးလျှင်ကြီးကြောင့် အဖြေလွှာများ မီးလောင်ပျက်စီးသွားသော တိုင်းဒေသကြီး၊ ပြည်နယ်များအတွက် ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပစစ်ဆေးမည့်အစီအစဉ် ကြေညာခြင်း

၁။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် စစ်ဆေးခဲ့သည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာများကို မန္တလေးတက္ကသိုလ်တွင် စာစစ်လုပ်ငန်းများ ဆောင်ရွက်နေစဉ် ၂၈-၃-၂၀၂၅ ရက်နေ့တွင် ဖြစ်ပွားခဲ့သော အင်အားအလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်မှုကြောင့် အဖြေလွှာများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်းကို ၂၉-၃-၂၀၂၅ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ အဆိုပါဒေသများအတွက် တက္ကသိုလ်ဝင်စာမေးပွဲကို ၁၆-၆-၂၀၂၅ ရက်နေ့မှ ၂၁-၆-၂၀၂၅ ရက်နေ့အထိ အောက်ပါအချိန်စာရင်းအတိုင်း ပြန်လည်ကျင်းပစစ်ဆေးသွားမည်ဖြစ်ပါသည်-

| ရက်စွဲ | အချိန် | ဘာသာရပ် |
|---|---|---|
| ၁၆-၆-၂၀၂၅ တနင်္လာနေ့ | နံနက် (၉) နာရီမှ (၁၂) နာရီ အထိ | မြန်မာစာ |
| ၁၇-၆-၂၀၂၅ အင်္ဂါနေ့ | နံနက် (၉) နာရီမှ (၁၂) နာရီ အထိ | အင်္ဂလိပ်စာ |
| ၁၈-၆-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက် (၉) နာရီမှ (၁၂) နာရီ အထိ | သင်္ချာ |
| ၁၉-၆-၂၀၂၅ ကြာသပတေးနေ့ | နံနက် (၉) နာရီမှ (၁၂) နာရီ အထိ | ဓာတုဗေဒ/ပထဝီဝင် |
| ၂၀-၆-၂၀၂၅ သောကြာနေ့ | နံနက် (၉) နာရီမှ (၁၂) နာရီ အထိ | ရူပဗေဒ/သမိုင်း |
| ၂၁-၆-၂၀၂၅ စနေနေ့ | နံနက် (၉) နာရီမှ (၁၂) နာရီ အထိ | ဇီဝဗေဒ/ဘောဂဗေဒ |

*စာမျက်နှာ ၄ ကော်လံ ၁* ❖



## ပြည်ပမှ တင်သွင်းခွင့်ပြုထားသော ဘိလပ်မြေများ ရန်ကုန်ဆိပ်ကမ်းသို့ ထပ်မံရောက်ရှိ

နေပြည်တော် ဧပြီ ၂၁

ယခုအချိန်သည် ငလျင်ဒဏ်အလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းအပြင် ပွင့်လင်းရာသီဖြစ်၍ နိုင်ငံတစ်ဝန်းတွင် ဆောက်လုပ်ရေးလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ထိုသို့တည်ဆောက်မှုလုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သည့် ပြည်တွင်းဘိလပ်မြေလိုအပ်ချက်ကို ပြည့်မီစေရန်နှင့် ပြည်တွင်းထုတ်လုပ်မှုကို အင်အားဖြည့်တင်းပေးနိုင်ရန်အတွက် ပြည်ပမှ ဘိလပ်မြေများကို တင်သွင်းခွင့်ပြုလျက်ရှိသည်။ *စာမျက်နှာ ၅ ကော်လံ ၁* ❑


**ယနေ့** *ဖတ်စရာ*

**နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ**

ပြည်တွင်းသတင်း စာ ၆

**ငလျင်ဒဏ်သင့်နေရာများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်** Max Cement **တောင်ဇီလာဘိလပ်မြေစက်ရုံက နေ့စဉ် တန် ၁၅၀၀ မှ တန် ၁၈၀၀ အထိ ထုတ်လုပ်လျက်ရှိ၊ ရေရှည်ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန်လည်း စီမံဆောင်ရွက်ထားပြီးဖြစ်**

တွေ့ဆုံမေးမြန်း စာ ၇

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့ဝင်များ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရုံးအဆောက်အအုံပြန်လည်ပြင်ဆင်နေမှုများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း ဝန်ထမ်းများအတွက် ယာယီပြောင်းရွှေ့နေရာချထားပေးသည့် နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး တင်အောင်စန်း မြေငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး အဆောက်အအုံပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မေ ၂၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့ဝင်များသည် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က အင်အားပြင်း မြေငလျင် လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီရုံး အဆောက်အအုံ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများ၊ မြေငလျင်ဘေးဒဏ်ခံစားခဲ့ရသည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး၊ ပြည်ထောင်စုဝန်ကြီးရုံးတို့မှ ဝန်ထမ်းမိသားစုများအတွက် ယာယီပြောင်းရွှေ့ နေရာချထားပေးမှု အခြေအနေများအား ၂၀၂၅ ခုနှစ် မေ ၂၁ ရက် ညနေပိုင်းတွင် လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် တာဝန်ရှိသူများနှင့်အတူ အင်အားပြင်း မြေငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီရုံး အဆောက်အအုံ ပြန်လည်ပြုပြင် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက အဆောက်အအုံ ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများ၊ ပြန်လည်ပြုပြင် ဆောင်ရွက်မည့် အခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဝန်ကြီးချုပ်က ငလျင်ဒဏ်သင့်အဆောက်အအုံများ ပြုပြင်ရေးဆောင်ရွက်ရာတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အထူးအလေးထား ဆောင်ရွက်ရန်၊ အဆောက်အအုံများအား သတ်မှတ်ထားသည့် SOP နှင့်အညီ ရေရှည်ခိုင်ခံ့မှုအတွက် ပြုပြင်တည်ဆောက်ရန် မှာကြားခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းတို့သည် တာဝန်ရှိသူများနှင့်အတူ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းများနေထိုင်သည့် သပြေ(၁) အဆောင်များသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ဝန်ကြီးဌာနအစီအစဉ်ဖြင့် ပြုပြင်ဆောင်ရွက်မှု၊ ဝန်ထမ်းများအား ပြန်လည်နေရာချထားပြီး နေထိုင်မှုအခြေအနေတို့အားကြည့်ရှု၍ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့သည်။ ဆက်လက်၍ ဇမ္ဗူသီရိမြို့နယ် ခနသိဒ္ဓိအားကစားကွင်းမြေနေရာရှိ ယာယီစခန်းအတွက် လျှပ်စစ်မီးပေးနိုင်ရေး Transformer အသစ် တပ်ဆင်နေရာချထားမှုအား ကြည့်ရှုစစ်ဆေးပြီးနောက် ယင်းနေရာရှိ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများ ယာယီပြောင်းရွှေ့နေထိုင်နိုင်ရန်အတွက် UAB Foundation မှယာယီစခန်း တည်ဆောက်နေမှု၊ နေထိုင် စားသောက်ရေးအတွက် ပြင်ဆင် ဆောင်ရွက်ပေးထားမှု၊ သောက်သုံးရေရရှိရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဒဏ်ကြောင့် နေထိုင်ရန် အခက်အခဲရှိသည့် ဝန်ထမ်းများနှင့်မိသားစုများအတွက် စီစဉ်ပေးထားသည့် ယာယီ ကယ်ဆယ်ရေးစခန်းများနှင့် ယာယီနေရာချထားသည့်နေရာ ကိုးခုသို့ လျှပ်စစ်ဓာတ်အားရရှိရေး စီမံဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဓာတ်အားဖြန့်ဖြူးရေးလိုင်းများနှင့် ဓာတ်အားခွဲရုံများ ပြန်လည် ပြုပြင်နိုင်ရေးအတွက် နေပြည်တော်ကောင်စီနယ်မြေရှိ လျှပ်စစ်ကျွမ်းကျင် ဝန်ထမ်းများအပြင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ၅၆၀ တို့ဖြင့် ဓာတ်အားရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယနေ့အချိန်တွင် နေပြည်တော်ကောင်စီ နယ်မြေတွင် ၉၉ ဒသမ ၇ ရာခိုင်နှုန်းနှင့် မန္တလေးတိုင်းဒေသကြီးတွင် ၉၉ ဒသမ ၉၈ ရာခိုင်နှုန်း၊ စစ်ကိုင်းမြို့တွင် ၉၇ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီး၍ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်တို့သည် တာဝန်ရှိသူများနှင့်အတူ စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများအတွက် ယာယီစခန်း (၂) အဖြစ်ဖွင့်လှစ်ထားသည့် ဒက္ခိဏသီရိမြို့နယ်ရှိ ကျောက်မျက်ရတနာပြခန်းဝင်းနေရာသို့ သွားရောက်၍ ယာယီစခန်း ဖွင့်လှစ်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဝန်ကြီးဌာနမှ ဝန်ထမ်းများအတွက် စီစဉ်ဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းမိသားစုများနှင့်တွေ့ဆုံ၍ သန့်ရှင်းသည့် သောက်သုံးရေရရှိစေရေး၊ အစားအသောက်များ သန့်ရှင်းမှုရှိစေရေး၊ ကျန်းမာရေးအတွက် အထူးဂရုပြုနေထိုင်ရေး တို့မှာကြားခဲ့ပြီး ဝန်ထမ်းများနှင့် မိသားစုဝင်များကို အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ နိုင်ငံတော်ဝန်ကြီးချုပ်ရုံး၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ငလျင်ဒဏ်သင့် ဝန်ထမ်း မိသားစုများအတွက် ယာယီနေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားသည့် နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်း မိသားစုဝင်များနှင့် တွေ့ဆုံအားပေးစကား ပြောကြားပြီး ထောက်ပံ့ပစ္စည်းများပေးအပ်၍ လိုအပ်ချက်များ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။ **သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ငလျင်ဒဏ်သင့်ဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် ယာယီဘာရှာအဆောက်အအုံများ ဆောက်လုပ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေအား ကြည့်ရှုစစ်ဆေး



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းစိုးနှင့် အဖွဲ့ဝင်များ ငလျင်ဒဏ်သင့်ဝန်ထမ်းမိသားစုများ ယာယီနေထိုင်ရန် ယာယီဘာရှာအဆောက်အအုံများ ဆောက်လုပ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မေ ၂၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းစိုးတို့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးအနီး ထိန်းသိမ်းရေယာဉ်၌ ငလျင်ဒဏ်သင့်ဝန်ထမ်းအိမ်ထောင်သည် ၁၀၈ ဦးနှင့် ယင်းတို့၏ မိသားစုဝင် ၁၅၂ ဦး၊ လူပျို/အပျို ၇၂ ဦး စုစုပေါင်းဝန်ထမ်း ၁၈၀ တို့ ယာယီနေထိုင်ရန် ယာယီဘာရှာအဆောက်အအုံများ ဆောက်လုပ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**အမြန်ပြီးစီးအောင်တည်ဆောက်**

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများက ဆောင်ရွက်မည့် အစီအစဉ်နှင့် မြေနေရာ ရှင်းလင်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရေ၊ မီး အဆင်ပြေစေရေး၊ မိုးကာလသွားလာရန် လမ်းများကောင်းမွန်အောင် ဆောင်ရွက်ရေး၊ သန့်စင်ခန်းများ စနစ်တကျဖြစ်ရေး၊ မီးတားလမ်းဆောင်ရွက်ရေးနှင့် ရေစီးမြောင်းများ ဆောင်ရွက်ရေး၊ လုံခြုံရေးနှင့်စပ်လျဉ်း၍ လိုအပ်သည်များကိုမှာကြားပြီး အဆောက်အအုံ ဆောက်လုပ်မည့်မြေနေရာ ဆောင်ရွက်နေမှုကို ကြည့်ရှုကာ တာဝန်ရှိသူများအား အမြန်ပြီးစီးအောင် တည်ဆောက်ကြရန် မှာကြားသည်။

ဆက်လက်၍ ယာယီမိုးကာတဲဖြင့် နေရာချထားသော မိသားစုများ နေထိုင်မှုကို လိုက်လံကြည့်ရှု၍ မိသားစုများကိုအားပေးစကားပြောကြားပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

၂။ ယခင် ၂၀၂၅ ခုနှစ်၊ မတ်လအတွင်းက စစ်ဆေးခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာရပ်အားလုံးဖြေဆိုခဲ့သူများကိုသာ ပြန်လည်ဖြေဆိုခွင့်ပြုမည်ဖြစ်ပြီး ဖြေဆိုခွင့်ရရှိသူများစာရင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးရုံးများနှင့် စာစစ်ဌာနများတွင် ကြေညာပေးမည် ဖြစ်ပါသည်။

၃။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အထက(မင်းကင်း)၊ အထက (ပန်ဆက်)၊ အထက(၁)တမူး၊ အထက(၂)ရွှေဘို၊ အထက(၁)ရေဦး၊ အထက(ဗန်းမောက်)၊ အထက (ဝန်းသို)၊ အထက(မော်လိုက်)၊ အထက(ကင်းတပ်)နှင့် အထက(အရာတော်) စာစစ်ဌာနများတွင် ဖြေဆိုခဲ့သူများသည် ပြန်လည်ဖြေဆိုရန်မလိုပါ။

၄။ ၂၀၂၅ ခုနှစ် မတ်လတွင် ကျင်းပခဲ့သော စာစစ်ဌာနများအနက် အောက်ဖော်ပြပါဇယားရှိ စာစစ်ဌာနများသည် ယှဉ်တွဲဖော်ပြထားသော ပြောင်းလဲဖြေဆိုရမည့် စာစစ်ဌာနများတွင် ဖြေဆိုရမည်ဖြစ်ပြီး ဤဇယားတွင် မပါဝင်သော ကျန်စာစစ်ဌာနများမှာ မူလစာစစ်ဌာနများ၌သာ ဖြေဆိုရပါမည် -

**စစ်ကိုင်းတိုင်းဒေသကြီး**

| စဉ် | ၂၀၂၅ မတ်လတွင်ဖြေဆိုခဲ့သည့် စာစစ်ဌာန | ပြောင်းလဲဖြေဆိုရမည့် စာစစ်ဌာန |
|---|---|---|
| ၁ | အထက-၁၊ စစ်ကိုင်း | စစ်ကိုင်းပညာရေးတက္ကသိုလ် |
| ၂ | အထက-၃၊ စစ်ကိုင်း | စစ်ကိုင်းပညာရေးတက္ကသိုလ် |

**မန္တလေးတိုင်းဒေသကြီး**

| စဉ် | ၂၀၂၅ မတ်လတွင်ဖြေဆိုခဲ့သည့်စာစစ်ဌာန | ပြောင်းလဲဖြေဆိုရမည့် စာစစ်ဌာန |
|---|---|---|
| ၁ | အထက-၁၃၊ မန္တလေး | အထက-၁၃၊ အထက-၃၊ အထက(ခွဲ)-၈၊ မန္တလေး |
| ၂ | အထက(ခွဲ)-၂၊ မန္တလေး | အထက(ခွဲ)-၂၊ အထက(ခွဲ)-၁၂၊ မန္တလေး |
| ၃ | အထက-၁၂၊ မန္တလေး | အထက-၁၂ ၊ အထက-၁၆၊ မန္တလေး |
| ၄ | အထက-၇၊ မန္တလေး | အထက-၇ ၊ အထက-၃၄၊ မန္တလေး |
| ၅ | အထက-၂၆၊ မန္တလေး | အထက(ခွဲ)-၁၃ ၊ အထက(ခွဲ)-၃၊ မန္တလေး |
| ၆ | အထက-၃၀၊ မန္တလေး | အထက-၂၈ ၊ အထက-၃၀၊ မန္တလေး |
| ၇ | အထက-၂၇၊ မန္တလေး | အထက-၂၇ ၊ အလက-၁၁၊ မန္တလေး |
| ၈ | အထက-၈၊ မန္တလေး | အထက-၈၊ အထက-၂၅၊ အထက-၃၇၊ မန္တလေး |
| ၉ | အထက-၁၁၊ မန္တလေး | အထက-၁၇၊ မန္တလေး |
| ၁၀ | အထက-၂၀၊ မန္တလေး | အထက-၅ ၊ အထက-၁၆၊ မန္တလေး |
| ၁၁ | အထက၊ ပုသိမ်ကြီး | အထက၊ ကျောက်မီး |
| ၁၂ | အထက၊ မတ္တရာ | အထက၊ မြို့သစ် |
| ၁၃ | အထက-၁၊ အမရပူရ | အထက-၂ ၊ အမရပူရ |
| ၁၄ | အထက-၁၊ ကျောက်ဆည် | အထက-၁၊ အထက-၂၊ ကျောက်ဆည် |
| ၁၅ | အထက၊ စဉ့်ကိုင် | ကျောက်ဆည်တက္ကသိုလ် |
| ၁၆ | အထက၊ မြစ်သား | အထက(စက်၊စိုက်၊မွေး)၊ မြစ်သား |
| ၁၇ | အထက-ကူမဲ၊ မြစ်သား | အထက-သာလွန်၊ မြစ်သား |
| ၁၈ | အထက၊ နွားထိုးကြီး | အထက-ဟံမြင့်မိုရ်၊ ကျောက်ဆည် |
| ၁၉ | အထက၊ ဝမ်းတွင်း | အထက-သဲတော၊ ဝမ်းတွင်း |

**နေပြည်တော်ကောင်စီနယ်မြေ**

| စဉ် | ၂၀၂၅ မတ်လတွင်ဖြေဆိုခဲ့သည့် စာစစ်ဌာန | ပြောင်းလဲဖြေဆိုရမည့် စာစစ်ဌာန |
|---|---|---|
| ၁ | အထက၊ ငန်းစပ် | အထက(ခွဲ)-ကျွဲရှင်း |
| ၂ | အထက(၁၂)၊ ဥတ္တရသီရိ | အထက(၁၂)၊ အထက(ခွဲ)-ရွှေနံ့သာ |
| ၃ | အထက၊ ကျည်တောင်ကန် | အထက(ခွဲ)-မင်္ဂလာဒီပ |
| ၄ | အထက-၁၊ ပျဉ်းမနား | အထက-၂၊ ပျဉ်းမနား |
| ၅ | အထက၊ သစ်လေးလုံး | အထက-၅၊ ပျဉ်းမနား |
| ၆ | အထက၊ ညောင်ပင်သာ | အထက-၅၊ ပျဉ်းမနား |
| ၇ | အထက-၇၊ ဇမ္ဗူသီရိ | အထက-၅၊ ဇမ္ဗူသီရိ |
| ၈ | အထက-၁၊ လယ်ဝေး | အထက-၁၊ အထက-၂၊ လယ်ဝေး |
| ၉ | အထက၊သာဝတ္ထိ | အထက-သာဝတ္ထိ၊ အထက-ပျံချီ |
| ၁၀ | အထက-၁၈၊ ဒက္ခိဏသီရိ | အထက(ခွဲ)-ရန်အောင်မြင် |

၅။ ယခုပြန်လည်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဖြေဆိုခွင့်ကတ်ပြားများကို မိမိတို့ဖြေဆိုရမည့် စာစစ်ဌာနများတွင် သက်ဆိုင်ရာ တက္ကသိုလ်ဝင်စာမေးပွဲ ကြီးကြပ်ရေးမှူးများထံမှ ၁-၆-၂၀၂၅ ရက်နေ့မှ ၁၅-၆-၂၀၂၅ ရက်နေ့အတွင်း တိုက်ရိုက်ထုတ်ယူရမည် ဖြစ်ပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ငလျင်ဒဏ်သင့်ဝန်ထမ်းများ နေထိုင်ရမည့် အပြာရောင်အဆင့်ရှိ တိုက်များနှင့် ယာယီ Basha ဆောက်လုပ်မည့် မြေနေရာများသို့ သွားရောက်ကြည့်ရှု

**နေပြည်တော် မေ ၂၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ဒေါ်နုမြဲ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငလျင်ဒဏ်သင့်ခဲ့သည့် ပျက်စီးမှုအနည်းငယ်ရှိသော အပြာရောင်အဆင့်ရှိ တိုက်အမှတ် ၁၁၁၂၊ တိုက်အမှတ် ၂၃၁၀၄၊ တိုက်အမှတ် ၃၃၁၁၃ တို့သို့ သွားရောက်၍ အပေါ်ယံအင်္ဂတေကွာကျမှုအခြေအနေများ၊ အသေးစားပြန်လည်ပြင်ဆင်ရန် လိုအပ်မှုအခြေအနေများ၊ လျှပ်စစ်မီးရရှိမှု၊ ရေရရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုင်စင်ရအင်ဂျင်နီယာဖြင့် စနစ်တကျစစ်ဆေးပြုပြင်မှုများ အမြန်ဆောင်ရွက်ရန်၊ လျှပ်စစ်မီးမရရှိသေးသည့် တိုက်အမှတ် ၂၃၁၀၄ တွင် လျှပ်စစ်မီးရရှိရေး၊ ရေမရရှိသေးသည့်တိုက်များသို့ ရေကားများဖြင့် ရေဖြန့်ဝေပေးရေးတို့ကို အမြန်စီမံဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဝန်ထမ်းများနေထိုင်နိုင်သည့် အခန်းများတွင် ဝန်ထမ်းများ နေထိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဖြစ်ပေါ်လာသော အခြေအနေအပေါ် အကောင်းဆုံးဖြစ်အောင် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သဘာဝဘေးအန္တရာယ်များမှာ မမျှော်လင့်သော်လည်း ကြုံတွေ့နေရမည်ဖြစ်ကြောင်း၊ မိမိတို့အားထားရမည့်အရာမှာ မိမိတို့ပြုမူဆောင်ရွက်သည့် ကုသိုလ်ကောင်းမှုမှတစ်ပါး အခြားမရှိနိုင်ပါကြောင်း၊ ကုသိုလ်ကောင်းမှု အမြဲပြုလုပ်ကြရန်နှင့် သဘာဝဘေးအန္တရာယ်ကို ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားသွားကြရန်ဖြစ်ကြောင်း စသည်ဖြင့် အားပေးစကားပြောကြားသည်။ ထို့နောက် ယာယီ Basha တဲများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်နေမှုအခြေအနေ၊ ဝန်ထမ်းမိသားစုများ ရွှေ့ပြောင်းပေးမည့် အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံးမှ ငလျင်ဒဏ်သင့်ဝန်ထမ်းများ ယာယီရွှေ့ပြောင်းနေထိုင်ရန် ရုံးအမှတ် ၃၁၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနပိုင်မြေနေရာတွင် Basha တဲများ ဆောက်လုပ်နိုင်မည့် မြေနေရာအား အသေးစိတ်လိုက်လံကြည့်ရှုပြီး Basha တဲဆောက်လုပ်နိုင်ရန်အတွက် မြေညှိရမည့် အခြေအနေများ၊ ရေ၊ မီး၊ မိလ္လာ ဆောင်ရွက်ပေးမည့်အခြေအနေများ၊ Basha တဲများ ဆောက်လုပ်ရာတွင် ဆောက်လုပ်မည့်ပတ်ဝန်းကျင်ရှိ အရိပ်ရသစ်ပင်ကြီးများအား ခုတ်ထွင်ရှင်းလင်းခြင်းမပြုဘဲ ယာယီ Basha တဲများ ဆောက်လုပ်ရန်၊



Basha တဲဆောက်လုပ်မည့် မြေနေရာများအား site plan ရေးဆွဲ၍ စနစ်တကျဆောင်ရွက်ရန် လမ်းညွှန်မှာကြားသည်။

ယင်းနောက် သာသနာရေးဦးစီးဌာနမှ ဝန်ထမ်းများ ယာယီရွှေ့ပြောင်းနေထိုင်နိုင်ရန်အတွက် Basha တဲဆောက်လုပ်မည့် ဓနသိဒ္ဓိရပ်ကွက်ရှိ သဒ္ဓမ္မဝေပုလ္လပရိယတ္တိစာသင်တိုက် ပရိဝုဏ်အတွင်း၌ စက်ယန္တရားဖြင့် မြေညှိနေမှုများအား လည်းကောင်း (အပေါ်ပုံ)၊ ဒက္ခိဏသီရိမြို့နယ်ရှိ မဟာပရဟိတဖွံ့ဖြိုးရေးဥယျာဉ်အတွင်း၌ သာသနာရေးဦးစီးဌာန ဝန်ထမ်းများ ယာယီရွှေ့ပြောင်းနေထိုင်နိုင်ရန်အတွက် Basha တဲ ဆောက်လုပ်မည့်မြေနေရာအား ကြည့်ရှုစစ်ဆေးပြီး လျှပ်စစ်မီးရရှိမှုအခြေအနေ၊ ရေရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆင်သေဆည်ရေသောက်စနစ် လက်ဝဲမြောင်းမှ နွေသီးနှံများအတွက် စိုက်ပျိုးရေပြန်လည်ပေးဝေ

**နေပြည်တော် မေ ၂၁**

နေပြည်တော် ကောင်စီနယ်မြေ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှု လျော့ကျခြင်းမရှိစေရန်နှင့် မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ခဲ့သည့် ဆည်ရေသောက် လယ်များသို့ အချိန်တိုအတွင်း စိုက်ပျိုးရေပေးဝေနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဆင်သေဆည်ရေသောက်စနစ်ရှိ လက်ဝဲမြောင်းမှ နွေသီးနှံများအတွက် စိုက်ပျိုးရေပြန်လည်ပေးဝေနိုင်ရန် ပင်မမြောင်းအတွင်းသို့ ရေစတင်ထည့်သွင်းနိုင်ပြီဖြစ်ကြောင်း သိရသည်။



မန္တလေး ငလျင်ကြီးကြောင့် ကျိုးပေါက် ပျက်စီးခဲ့ရပြီး ရေသောက်စနစ်အတွင်းရှိ စိုက်ပျိုးပြီးနွေစပါးနှင့် နွေသီးနှံများအတွက် စိုက်ပျိုးရေပေးဝေမှု နှောင့်နှေးခဲ့ရသော ဆင်သေရေလွှဲဆည် (ဒဟတ်ကုန်းဆည်)အား လိုအပ်သော ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်ကာလအတွင်း စိုက်ပျိုးပြီးဖြစ်သည့် နွေသီးနှံများ ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် အချိန်မီ စိုက်ပျိုးရေပေးဝေနိုင်ရန် လက်ဝဲမြောင်းမကြီးသို့ အနိမ့်တင်ရေတင်စက်အသုံးပြု၍ ယနေ့နံနက်ပိုင်းမှစတင်ကာ ရေများ စတင်ပို့လွှတ်လျက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်တို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား ရေသောက်စနစ်အတွင်းရှိ လျာထားဧရိယာအားလုံးသို့ စိုက်ပျိုးရေ အမြန်ဆုံးရောက်ရှိစေရေး၊ ယာယီမြေသားတမံ ကြံ့ခိုင်တောင့်တင်းမှုရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်နှင့် သီးနှံများ ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမှာကြားသည်။

လက်ယာ မြောင်းမကြီးသို့ ဆင်သေရေလှောင်တမံ၏ ရေဆင်းဧရိယာမှ ရေများအား ရေသွယ်မြောင်းတူးဖော်၍ တိုက်ရိုက်ရေပေးသွင်းခြင်းကို မေ ၁၇ ရက်မှ စတင်ဆောင်ရွက်နိုင်ခဲ့ရာ မြောင်းမကြီးနှင့် လက်တံမြောင်းများ တစ်လျှောက်ရှိ နွေစပါး အပါအဝင် နွေသီးနှံစိုက်ဧရိယာ ဧက၂၀၀ ကျော် လျာထားဧရိယာ၏ ၆၀ ရာခိုင်နှုန်းသို့ ရေပေးသွင်းနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အလားတူ ရေလွှဲဆည်အတွင်း ရေခေါ်မြောင်းတူးဖော်၍ ရေစုဧရိယာမှတစ်ဆင့် ရေတင်စက်အသုံးပြုကာ လက်ဝဲမြောင်းမကြီးသို့ ယနေ့နံနက်ပိုင်းမှစတင်၍ ရေပေးသွင်းနိုင်ခဲ့ပြီး လက်တံမြောင်းများမှတစ်ဆင့် စိုက်ကွင်းများသို့ အချိန်မီ ရေရောက်ရှိရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း၊ တပ်ကုန်းမြို့နယ် မယ်ဇလီကျင်းကျေးရွာအနီး ဆင်သေရေလှောင်တမံ၏ ဆည်ရေများကို ရေသောက်စနစ်သို့ ထိန်းညှိပို့လွှတ်ပေးလျက်ရှိသည့် ဆင်သေရေလွှဲဆည် (ဒဟတ်ကုန်းဆည်) ပြုပြင်ခြင်းလုပ်ငန်းကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက စက်ယန္တရားများဖြင့် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိရာ မြေသားတမံပြီးစီးမှုအပေါ်မူတည်၍ ပင်မတမံကြီးမှ ပို့လွှတ်ပေးသောရေများကို စုဆောင်း ထိန်းသိမ်းလျက်ရှိပြီး သတ်မှတ် သိုလှောင်ရေအမှတ် ရောက်ရှိပါက မူလစိုက်ပျိုးရေဖြန့်ဝေမှုစနစ်အတိုင်း လက်ဝဲ လက်ယာ မြောင်းမကြီးများမှ စိုက်ပျိုးရေများ လိုအပ်သလောက် ဆက်လက် ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ *ရှေ့ဖုံးမှ*

ထိုသို့ဆောင်ရွက်လျက်ရှိရာ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တင်သွင်းလာသော ဘိလပ်မြေရေယာဉ်များ စဉ်ဆက်မပြတ် ရောက်ရှိလျက်ရှိပြီး ယခုတန်ချိန် ၂၄၀၀ တင်ဆောင်လာသည့်ရေယာဉ်သည် ရန်ကုန်မြို့ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း သာကေတ ဆိပ်ခံတံတားသို့ မေ ၂၀ ရက် ညနေပိုင်းတွင် ထပ်မံရောက်ရှိခဲ့၍ ယနေ့နံနက်ပိုင်း၌ ဈေးကွက်အတွင်း ဖြန့်ဖြူးရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သော ဘိလပ်မြေကို တင်သွင်းခွင့်ပြုထားပြီး ယခုရေယာဉ်အပြင် ကျန်ဘိလပ်မြေ တင်ဆောင်လာသည့် ရေယာဉ်များပါ အပတ်စဉ် ဆက်လက်ရောက်ရှိလာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**ရန်ကုန်မြို့ သာကေတဆိပ်ခံတံတားသို့ တန်ချိန် ၂၄၀၀ တင်ဆောင်လာသည့် ဘိလပ်မြေရေယာဉ် ဆိုက်ကပ်စဉ်။**



# နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ

နေပြည်တော် ဧပြီ ၂၁

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးမြေငလျင်ကြီးကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရာ နိုင်ငံတော်အစိုးရအနေဖြင့် အလျင်အမြန် စုံစမ်းစစ်ဆေးခြင်း၊ ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခြင်းနှင့် ပြည်ပမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများကို ဖိတ်ခေါ်လမ်းဖွင့်ပေးခြင်းများ ဆောင်ရွက်ခဲ့သည်။ ငလျင်ဒဏ်သင့်ပြည်သူများထံ နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများသည် မတ် ၂၉ ရက် ညပိုင်းမှစတင်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် ရန်ကုန်သီလဝါဆိပ်ကမ်းတို့သို့ ရောက်ရှိလာခဲ့သည်။

မတ် ၃၀ ရက်မှ ဧပြီ ၂၀ ရက်အထိ ငလျင်ဘေးသင့် ပြည်သူများအတွက် အိန္ဒိယနိုင်ငံ AHA Center ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံ၊ လာအိုနိုင်ငံ၊ Singapore Red Cross Society၊ နီပေါနိုင်ငံ၊ UAE နိုင်ငံ၊ ဘရူနိုင်းနိုင်ငံနှင့်မလေးရှားနိုင်ငံတို့မှ ပေးပို့လှူဒါန်းသည့်

*စာမျက်နှာ ၇ သို့*



တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ဧပြီ ၃ ရက်က ရောက်ရှိလာစဉ်။




ယူအေအီးနိုင်ငံမှ ကူညီထောက်ပံ့သည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ဧပြီ ၁၀ ရက်က ရောက်ရှိလာစဉ်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ မတ် ၃၀ ရက်က ရောက်ရှိလာစဉ်။



ဘယ်လာရုစ်နိုင်ငံမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ဧပြီ ၇ ရက်က ရောက်ရှိလာစဉ်။



AHA Center မှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ဧပြီ ၂ ရက်က ရောက်ရှိလာစဉ်။



အိန္ဒိယနိုင်ငံမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ရန်ကုန် သီလဝါဆိပ်ကမ်းသို့ ဆိုက်ရောက်လာစဉ်။



ထိုင်းနိုင်ငံမှပေးပို့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ကြိုဆိုလက်ခံစဉ်။



ဘင်္ဂလားဒေ့ရှ်နိုင်ငံမှပေးပို့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ တင်ဆောင်သည့် လေယာဉ်ဆိုက်ရောက်စဉ်။

*စာမျက်နှာ ၆ မှ*

ပစ္စည်းများကို ငလျင်ဘေးသင့် ဒေသများသို့ အချိန်မဆိုင်းဘဲ ဆက်လက်ဖြန့်ခွဲ ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာက ကူညီထောက်ပံ့သည့် ပစ္စည်းများမှာ မိုးကာတဲ၊ တာပေါ်လင်၊ Hygiene Kit ၊ Kitchen Set၊ မီးစက်၊ Sleeping Bags၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ အိမ်သုံးကုန်ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆေးနှင့် ဆေးပစ္စည်း၊ ခွဲစိတ်ခန်းသုံးပစ္စည်း တို့ဖြစ်သည်။

ပစ္စည်းများကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း နေပြည်တော်ကောင်စီ၏ အစီအစဉ်ဖြင့်လည်းကောင်း၊ နေပြည်တော်ရှိ ဝန်ထမ်းမိသားစုများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ အစီအစဉ်ဖြင့် လည်းကောင်း၊ ရန်ကုန်နှင့် နေပြည်တော်တို့မှ တစ်ဆင့် မန္တလေးတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၅၂ စီးဖြင့် ပေးပို့ခဲ့သည့် လှူဒါန်းပစ္စည်းများနှင့် မန္တလေး(တံတားဦး) အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိသည့် ပစ္စည်းများကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၂၃ စီးဖြင့် ပေးပို့ထားသည့် လှူဒါန်းပစ္စည်းများကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ မော်တော်ယာဉ် ခုနစ်စီးဖြင့် ပေးပို့ခဲ့သည့် လှူဒါန်းပစ္စည်းများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် လည်းကောင်း ခွဲဝေထောက်ပံ့ဆောင်ရွက်လျက်ရှိသည်။ လှူဒါန်းရရှိသည့် ပစ္စည်းများအနက် ဆေးနှင့် ဆေးပစ္စည်းများ၊ ခွဲစိတ်ခန်းသုံးပစ္စည်းများနှင့် ဆေးရုံသုံးပစ္စည်းများကို ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ကာ ဒဏ်ရာရရှိသည့် ပြည်သူများအား ကုသရာတွင် အသုံးပြုသည်။

နိုင်ငံတကာ အလှူရှင်များ၏ လှူဒါန်းပစ္စည်းများကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ ဘေးသင့်ပြည်သူများအတွက် ဖြန့်ခွဲပေးပို့လျက်ရှိသည်။

နိုင်ငံတကာအလှူရှင်များက ထပ်မံလှူဒါန်းလာသည့် ပစ္စည်းများရောက်ရှိမှုနှင့် ငလျင်ဘေးသင့်ပြည်သူများထံ အမြန်ဆုံးရောက်ရှိဖြန့်ခွဲမှုတို့ကို တစ်ပတ်လျှင်တစ်ကြိမ် ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**



နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှပေးအပ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ပြန်လည်ဖြန့်ဝေလှူဒါန်းစဉ်။



မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှပေးအပ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ပြန်လည်ဖြန့်ဝေလှူဒါန်းစဉ်။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှပေးအပ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ပြန်လည်ဖြန့်ဝေလှူဒါန်းစဉ်။



ရှမ်းပြည်နယ် အင်းလေးဒေသရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှပေးအပ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ပြန်လည်ဖြန့်ဝေလှူဒါန်းစဉ်။ (၁၂-၄-၂၀၂၅)

# လျှင်ဒဏ်သင့်နေရာများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် Max Cement တောင်ဖီလာဘိလပ်မြေစက်ရုံက နေ့စဉ် တန် ၁၅၀၀ မှ တန် ၁၈၀၀ အထိ ထုတ်လုပ်လျက်ရှိ ရေရှည်ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန်လည်း စီမံဆောင်ရွက်ထားပြီးဖြစ်



နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် တောင်ဖီလာဒေသတွင် တည်ရှိသည့် Max Cement တောင်ဖီလာဘိလပ်မြေစက်ရုံက ငလျင်ဘေးသင့်ခဲ့သော ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ပြည်သူများနှင့် ငလျင်ဘေးသင့်ဒေသများ အမြန်ဆုံး ပြည်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် တစ်နေ့လျှင် ဘိလပ်မြေ တန် ၁၅၀၀ မှ တန် ၁၈၀၀ အထိ ပုံမှန်ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ကျွန်မတို့ မြန်မာ့သတင်းစဉ် သတင်းအဖွဲ့က Max Cement တောင်ဖီလာဘိလပ်မြေစက်ရုံ အထွေထွေမန်နေဂျာ ဒေါ်မွန်မွန်သက်နှင့် အရောင်းမန်နေဂျာ ဦးဝင်းဇော်တို့ကို သွားရောက်တွေ့ဆုံပြီး သိရှိလိုသည်များကို မေးမြန်းခဲ့ပါသည်-

**Max Cement တောင်ဖီလာဘိလပ်မြေစက်ရုံ အထွေထွေမန်နေဂျာ ဒေါ်မွန်မွန်သက်**

"မတ်လ ၂၈ ရက်နေ့က လှုပ်ခတ်ခဲ့တဲ့ ငလျင်ကြောင့် ကျွန်မတို့ စက်ရုံမှာ လျှပ်စစ်မီး ရက်အနည်းငယ်ပြတ်တောက်ခဲ့ပါတယ်။ ဧပြီလ ၁ ရက်နေ့မှာ လျှပ်စစ်မီးရရှိတာနဲ့ တစ်ပြိုင်တည်း စက်ရုံထဲမှာရှိတဲ့ ထရန်စဖော်မာ ၁၅ လုံးကို လိုက်လံစစ်ဆေးပါတယ်။ ဒီလို စစ်ဆေးပြီးတာနဲ့ ဧပြီလ ၃ ရက်နေ့မှာ စက်ရုံတစ်ရုံလုံး ပြန်လည်လည်ပတ်နိုင်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်ပြီးတာနဲ့ တစ်ပြိုင်တည်း နိုင်ငံတော်ရဲ့ ဘိလပ်မြေလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့အတွက် တာဝန်ရှိသူတွေရဲ့ ညွှန်ကြားမှုနဲ့အတူ ကျွန်မတို့ ဝိုင်းဝန်းဆောင်ရွက်ခဲ့လို့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုအပိုင်းကို ချက်ချင်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်"။

"နေ့တိုင်း ဘိလပ်မြေ တန် ၁၅၀၀ နဲ့ တန် ၁၈၀၀ ကြား ထုတ်လုပ်နိုင်ဖို့ ကုန်ကြမ်းပြတ်လတ်မှုမရှိအောင် နှစ်အလိုက် စုစည်းသိုလှောင်ထားပြီးဖြစ်ပါတယ်။ ဒါကြောင့် ထုတ်လုပ်မှုအပိုင်းနဲ့ပတ်သက်ပြီး အခက်အခဲမရှိပါဘူး။ နည်းပညာပိုင်းနဲ့ ပတ်သက်ပြီး စက်အနည်းငယ်ချွတ်ယွင်းမှုရှိခဲ့ရင် ချက်ချင်းပြန်လည်လည်ပတ်နိုင်အောင် ပြည်တွင်းပြည်ပ ပညာရှင်တွေ စက်ရုံမှာ အမြဲအဆင်သင့်ရှိနေတဲ့အတွက် ရေရှည်ထုတ်လုပ်သွားဖို့ အဆင်ပြေပါတယ်"။

လက်ရှိတွင် Max Cement တောင်ဖီလာဘိလပ်မြေစက်ရုံမှ ထုတ်လုပ်သည့် ဘိလပ်မြေများကို နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဘေးသင့်ခဲ့သည့် ဌာနဆိုင်ရာများ၊ အစိုးရရုံးဌာနများ၊ ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်များသို့ ဦးစားပေးဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း ပြောသည်။

*စာမျက်နှာ ၉ သို့*



ဦးဝင်းဇော်



ဒေါ်မွန်မွန်သက်









*စာမျက်နှာ ၈ မှ*

"စက်ရုံအနေနဲ့ ထုတ်လုပ်မှုအပိုင်းမှာ ဝယ်လိုအား လိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်နေရပေမယ့်လည်း ဘိလပ်မြေရဲ့ အရည်အသွေးပိုင်း ထိခိုက်မှုမရှိအောင်၊ သတ်မှတ် စံချိန်စံညွှန်းနဲ့အညီဖြစ်အောင် ပြည်တွင်းပြည်ပ ပညာရှင်များပါဝင်တဲ့ အရည်အသွေးစစ်ဆေးရေးအဖွဲ့နဲ့ နေ့စဉ် စနစ်တကျ ကြပ်မတ်စစ်ဆေးပြီး ထုတ်လုပ်လျက်ရှိပါတယ်။ တောင်ဖီလာ ဘိလပ်မြေစက်ရုံကို စက်စွမ်းအားပြည့် လည်ပတ်နိုင်မယ်ဆိုရင် တစ်နေ့ကို ဘိလပ်မြေ တန်ချိန် ၂၁၀၀ အထိ ထုတ်လုပ်နိုင်ပါတယ်။ ဒီလို စွမ်းအားပြည့် စက်ရုံလည်ပတ်နိုင်အောင် စက်မှုဝန်ကြီးဌာနနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေရဲ့ ပူးပေါင်းကူညီဆောင်ရွက်မှုနဲ့အတူ ပြည်ပ ပညာရှင်တွေကို ထပ်မံခေါ်ယူဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်"။

နေပြည်တော် Max Cement ဘိလပ်မြေစက်ရုံအနေဖြင့် ထုတ်လုပ်မှုအပိုင်း လျော့ကျမှု မရှိစေရေးအတွက် ဝန်ထမ်းအင်အား ၄၀၀ ကျော်အပြင် ပြည်တွင်းပြည်ပ ပညာရှင်များဖြင့် ၂၄ နာရီပတ်လုံး လည်ပတ်လျက်ရှိကြောင်း၊ အရန်ဓာတ်အားအနေဖြင့် 2 KVA အရန်မီးစက် သုံးလုံး အသင့်ပြင်ဆင်ထားရှိပြီး စက်ရုံ အရှိန်အဟုန်မပျက် လည်ပတ်နိုင်အောင် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် စက်ရုံအတွက် လိုအပ်သည့် စက်အရန်ပစ္စည်းများကိုလည်း အဆင်သင့် ဝယ်ယူစုဆောင်းထားရှိကြောင်း သိရသည်။



**Max Cement တောင်ဖီလာ ဘိလပ်မြေစက်ရုံမှ အရောင်းမန်နေဂျာ ဦးဝင်းဇော်**

"ကျွန်တော်တို့ စက်ရုံက ထုတ်လုပ်ထားတဲ့ ဘိလပ်မြေတွေကို ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးမှုများခဲ့တဲ့ ဝန်ကြီးဌာနတွေကို ဦးစားပေးဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်။ အများပြည်သူတွေနဲ့ သက်ဆိုင်တဲ့ အဆောက်အအုံတွေ ပြုပြင်ဖို့အတွက် ဝယ်ယူရင် တစ်အိတ်ကို ငွေကျပ် ၂၀၀၀၀ နှုန်းနဲ့ ရောင်းချပေးပါတယ်။ ငလျင်ဘေးဒဏ်သင့်ခဲ့တဲ့ ပြည်သူတွေအနေနဲ့ ဝယ်ယူချင်တယ်ဆိုရင် ကျွန်တော်တို့ကို တိုက်ရိုက်မှာယူပြီး ဝယ်ယူနိုင်ပါတယ်။ အများပြည်သူတွေကို သယ်ယူစရိတ်မပါ စက်ရုံအထိုင်ဈေးအနေနဲ့ တစ်အိတ်ကို ငွေကျပ် ၂၃၀၀၀ နှုန်းနဲ့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်။ ပြင်ပဈေးကွက်မှာ စက်ရုံက သတ်မှတ်ပေးထားတဲ့ ဈေးနှုန်းထက် အဆမတန်ဈေးတင်ပြီး ရောင်းချမှုတွေ မရှိရအောင် စက်ရုံက တိုက်ရိုက်မှာယူနေတဲ့ ကိုယ်စားလှယ်တွေကို သတ်မှတ်ဈေးနှုန်းနဲ့ ပြန်လည်ရောင်းချပေးဖို့ ဝန်ခံကတိ လက်မှတ်ရေးထိုးပြီးမှ ဖြန့်ချိပေးတာပါ"။

Max Cement တောင်ဖီလာဘိလပ်မြေစက်ရုံမှ နေ့စဉ်ထုတ်လုပ်လျက်ရှိသည့် ဘိလပ်မြေများကို သိုလှောင်ထားခြင်းမရှိဘဲ အမှန်တကယ်လိုအပ်လျက်ရှိသည့် တည်ဆောက်ရေး လုပ်ငန်းခွင်များနှင့် သုံးစွဲသူများ လက်ဝယ်သို့ ဖြန့်ခွဲရောင်းချပေးလျက်ရှိကြောင်း ပြောသည်။

"အခုဆိုရင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုတွေများပြားတဲ့အတွက် ဝန်ကြီးဌာနတွေ၊ အဖွဲ့အစည်းတွေ၊ ပြည်သူတွေအနေနဲ့ တိုက်ရိုက်မှာယူပြီး ဝယ်နေတာတွေရှိပါတယ်။ ဒါတွေကို ကျွန်တော်တို့ စက်ရုံအနေနဲ့ ဦးစားပေးရောင်းချရမယ့် အပိုင်းတွေကို စိစစ်ရောင်းချပေးသလို အခြားလိုအပ်တဲ့ နေရာတွေကိုလည်း လစ်ဟာမှုမရှိအောင် ထုတ်လုပ်မှုနဲ့ ဖြန့်ချိမှုကို ဟန်ချက်ညီညီ ဆောင်ရွက်လျက်ရှိပါတယ်။ ဝန်ကြီးဌာနတွေ၊ ငလျင်ဘေးဒဏ်သင့် ပြည်သူတွေ မှာယူတဲ့အခါ တစ်ရက်သုံးစွဲနိုင်တဲ့ ပမာဏအပေါ်မူတည်ပြီး တည်ဆောက်ပြုပြင်ရေး လုပ်ငန်းတွေ လည်ပတ်နိုင်အောင် နေ့စဉ်ခွဲဝေဖြန့်ဖြူး ရောင်းချပေးလျက်ရှိပါတယ်"။

Max Cement တောင်ဖီလာဘိလပ်မြေစက်ရုံအနေဖြင့် ငလျင်လှုပ်ခတ်ခဲ့သည့် အချိန်မှစတင်ပြီး ယနေ့အချိန်အထိ ဘိလပ်မြေတန်ချိန် ၃၂၀၀၀ ကျော် အိတ်ရေ ၆ သိန်းကျော်ကို ဖြန့်ဖြူးရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။

"လတ်တလောကာလမှာ ဘိလပ်မြေမှာယူလိုသူတွေအနေနဲ့ အမှန်တကယ်သုံးစွဲလိုတဲ့ ပမာဏကိုပဲ မှာယူစေလိုပါတယ်။ ပြင်ပဈေးကွက်မှာ ဘိလပ်မြေဈေးနှုန်း အဆမတန်တင်ပြီး ရောင်းချနေတာတွေကို မဝယ်ယူကြပါနဲ့။ ကျွန်တော်တို့အနေနဲ့ ရေရှည်ဖြန့်ဖြူးရောင်းချပေးနိုင်ဖို့ စီမံဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ဘိလပ်မြေဝယ်သူတွေအနေနဲ့ သယ်ယူဖို့ အခက်အခဲရှိတယ်ဆိုရင် စက်ရုံအထိုင် သတ်မှတ်ဈေးနှုန်းအပြင် သယ်ယူခပါ ပေးချေပြီး ဝယ်ယူနိုင်ပါတယ်"။

နိုင်ငံတော်က ငလျင်ဘေးဒဏ်သင့် ဒေသများတွင်ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ အသုံးပြုနိုင်ရန် ပြည်တွင်းရှိ ဘိလပ်မြေစက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးနှင့် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် လိုအပ်သည့် အကူအညီများကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

*တွေ့ဆုံမေးမြန်း - မြနန္ဒာ*
*ဓာတ်ပုံ - လှလင်ငယ်*

❑ ပြင်ပဈေးကွက်မှာ စက်ရုံက သတ်မှတ်ပေးထားတဲ့ ဈေးနှုန်းထက် အဆမတန် ဈေးတင်ပြီး ရောင်းချမှုတွေမရှိရအောင် စက်ရုံက တိုက်ရိုက်မှာယူနေတဲ့ ကိုယ်စားလှယ်တွေကို သတ်မှတ်ဈေးနှုန်းနဲ့ ပြန်လည်ရောင်းချပေးဖို့ ဝန်ခံကတိ လက်မှတ်ရေးထိုးပြီးမှ ဖြန့်ချိပေးတာပါ







# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကျောက်ဆည်စက်မှုနယ်မြေရှိ ဘိလပ်မြေစက်ရုံများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၁**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့ နံနက်ပိုင်းတွင် ကျောက်ဆည် စက်မှုနယ်မြေရှိ သံတော်မြတ်ကုမ္ပဏီလီမိတက်၏ ကြံ့နှစ်ကောင် ဘိလပ်မြေစက်ရုံသို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ စက်ရုံတာဝန်ခံက လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကြောင့် ပျက်စီးခဲ့မှုအခြေအနေ၊ စက်ရုံပြန်လည် လည်ပတ်နိုင်ရေး အတွက် စစ်ဆေးပြုပြင်မှုများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်း တင်ပြရာ ပြည်ထောင်စုဝန်ကြီးက အဆိုပါ ထိခိုက်ပျက်စီးမှုများအား ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် အတွက် ဆောက်လုပ်ရေးလုပ်ငန်း သုံးပစ္စည်းများ များစွာလိုအပ်လျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က ပြည်တွင်းရှိ ဘိလပ်မြေစက်ရုံများ၊ သံ/သံမဏိ စက်ရုံများ၊ အမိုး၊ အမိုးပြားစက်ရုံများ၊ အထပ်သား စက်ရုံများ၊ အုတ်စက်ရုံများ စက်စွမ်းအားပြည့် ပြန်လည်လည်ပတ်နိုင်ရေးအတွက် လိုအပ်ချက်များကို ကူညီဖြည့်ဆည်း ပံ့ပိုးဆောင်ရွက်ပေးရန် လမ်းညွှန်မှုပြုထားကြောင်း၊ ထို့ကြောင့် စက်ရုံ၏ ထိခိုက်ပျက်စီးမှုများနှင့် စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို သိရှိနိုင်ရန်နှင့် လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးရန် လာရောက်ခြင်း ဖြစ်ကြောင်း၊ စက်ရုံအား အမြန်ဆုံးလည်ပတ်နိုင်ရေး ဆောင်ရွက်ခြင်းသည် ပြည်သူများ၏ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စက်ပစ္စည်းကိရိယာများ စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများကို အမြန်ဆုံးပြီးစီးရေးအတွက် ကြိုးစားဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ပွင့်ပွင့်လင်းလင်း တင်ပြစေလိုကြောင်း လမ်းညွှန်မှာကြားပြီး စက်ရုံအတွင်း လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကြောင့် ထိခိုက်ပျက်စီးခဲ့မှုနှင့် စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြံ့နှစ်ကောင် ဘိလပ်မြေစက်ရုံတွင် တစ်နေ့လျှင် ဘိလပ်မြေ တန်ချိန် ၅၀၀၀ စီ ထုတ်လုပ်နိုင်သည့် လိုင်းနှစ်လိုင်း တပ်ဆင်ထားရှိပြီး ကုန်ထုတ်လိုင်း တစ်လိုင်းအား မေ ၁၅ ရက်တွင် ပြန်လည် လည်ပတ်နိုင်ရေး ဦးတည်၍ စစ်ဆေးပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြံ့နှစ်ကောင် ဘိလပ်မြေစက်ရုံအား ကြည့်ရှုစစ်ဆေးစဉ်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စက်မှုဝန်ကြီးဌာနနှင့် Myanmar Conch Cement Co.,Ltd တို့ အကျိုးတူပူးပေါင်း၍ ဘိလပ်မြေများ ထုတ်လုပ်လျက်ရှိသည့် အမှတ် (၃၃) အကြီးစားစက်ရုံ(ကျောက်ဆည်)သို့ ရောက်ရှိပြီး လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မီးသင်းဖိုအား ပြုပြင်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ထိခိုက်ပျက်စီးခဲ့သည့် စက်ပစ္စည်း၊ အဆောက်အအုံများအား သတ်မှတ်အချိန်တွင် ပြီးစီးရေးအတွက် လက်တွေ့ကျသည့် အစီအမံများ ရေးဆွဲဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံအား သတ်မှတ်အချိန် မတိုင်မီ လည်ပတ်နိုင်ရေးအတွက် စစ်ဆေးပြုပြင်ခြင်း လုပ်ငန်းများကို နေ့ဆိုင်း၊ ညဆိုင်းများဖြင့် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ စက်ရုံအတွင်း ပျက်စီးခဲ့သည့် အခြေအနေများကို သင်ခန်းစာဖော်ထုတ်၍ စစ်ဆေးပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ယခုအချိန်သည် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကြောင့် ထိခိုက်ပျက်စီးခဲ့မှုများနှင့် ပတ်သက်၍ ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရမည့် အချိန်ဖြစ်သဖြင့် ဘိလပ်မြေများ ထုတ်လုပ်နိုင်ရေးအတွက် စက်ရုံပြန်လည် လည်ပတ်ရေးဆောင်ရွက်နေသည့် လုပ်ငန်းများကို အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် တည်ဆောက်ရေး လုပ်ငန်းများအတွက် လိုအပ်သော ဘိလပ်မြေများကို စက်စွမ်းအားပြည့် လည်ပတ် ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ရမည် ဖြစ်ကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၇)အထည်စက်ရုံခွဲ(ဝမ်းတွင်း)သို့ ရောက်ရှိပြီး လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကြောင့် စက်ရုံအတွင်း ပျက်စီးခဲ့သည့် အဆောက်အအုံများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြိုကျခဲ့သည့်အဆောက်အအုံများအား ရှင်းလင်းဖယ်ရှားနိုင်ရေး စီမံဆောင်ရွက်ရန်နှင့် ဘေးအန္တရာယ် မဖြစ်ပွားစေရေး သတိပြုဆောင်ရွက်ရန်၊ အန္တရာယ်ရှိ အဆောက်အအုံများကိုလည်း သတိပေးဆိုင်းဘုတ်များ တပ်ဆင်ထားရန်၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဝန်ထမ်းများအား ကျန်းမာရေးကောင်းမွန်သည်အထိ ဆေးဝါးကုသမှုရရှိစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပဲခူးမြို့အတွင်း ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိ

**ပဲခူး မေ ၂၁**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့်အတူ ယနေ့ နံနက်ပိုင်းက ပဲခူးမြို့အတွင်း နှစ်စဉ်နှစ်တိုင်း ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေနှင့် တိုင်းဒေသကြီး ရန်ပုံငွေတို့ဖြင့် ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှု အခြေအနေများကို လိုက်လံကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုရန်ပုံငွေဖြင့် ကျောက်ကြီးစုတာကို တာပုံစံကျပြုပြင်ခြင်းနှင့် ၁၆ ပေ အကျယ် ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် ကြခတ်ဝိုင်းတာနှင့် ညောင်ဝိုင်းတာတို့ကို တာပုံစံကျပြုပြင်ခြင်း၊ မူလလမ်းရှိ ဂဝံများ ပြန်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုဦးက ရေဘေးကာကွယ်ရေးအတွက် တာတစ်ခုချင်းအလိုက် လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောက်ကြီးစုတာ၊ ကြခတ်ဝိုင်းတာနှင့်ညောင်ဝိုင်းတာတို့သည် စည်ပင်သာယာနယ်နိမိတ်ရပ်ကွက်များအတွင်း တည်ဆောက်ထားခြင်းဖြစ်ကာ လမ်းအဖြစ်လည်း အသုံးပြုလျက်ရှိ၍ တာနှင့် ရပ်ကွက်အတွင်း လွယ်ကူစွာ သွားလာနိုင်ရေး ချဉ်းကပ်လမ်းများဆောင်ရွက်ပေးရန်၊ တာပေါင်တစ်လျှောက် မြေသားလျှောကျမှု မဖြစ်စေရေးနှင့် ရေဦးထိုးနိုင်သည့် နေရာများကို ကမ်းထိန်းနံရံများ ကြိုတင်ပြင်ဆင် ထားရှိရန်နှင့် တည်ဆောက်ပြီး ရေဘေးကာကွယ်ရေးတာများ ကြံ့ခိုင်မှုနှင့် ထိန်းသိမ်းခြင်း လုပ်ငန်းများအား စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားရန် မှာကြားသည်။

အဆိုပါ ကျောက်ကြီးစုတာအား ၁၆ ပေအကျယ် ကွန်ကရစ်ခင်းခြင်း၊ ကြခတ်ဝိုင်းတာနှင့် ညောင်ဝိုင်းတာတို့အား ၁၆ ပေ အကျယ် ဂဝံခင်းခြင်းလုပ်ငန်းတို့ကို ယခုဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ထပ်မံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြစ်တာ (ပန်းလှိုင်-ပုဏ္ဏားစု-မုန်တိုင်) အပိုင်း အလျားပေ၇၈၀၀ အား High Flood Level (H.F.L) ၁၀၃၀ စင်တီမီတာအထိ မြေဖို့တာမြှင့်ခြင်းနှင့် ၁၆ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ မြေထိန်းနံရံ တည်ဆောက်ထားရှိမှုနှင့် အောက်စီတီးကျေးရွာအထိ မြေသားတာပေါင်ပြုလုပ်ခြင်း၊ ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရေဘေးကာကွယ်ရေးတာများဖြစ်၍ တာပေါင်ဧရိယာအတွင်း ကျူးကျော်နေထိုင်မှု မရှိစေရေး၊ တာပေါင်များတွင် မြေထိန်းအပင်များဖြစ်သည့် ကိုင်းပင်များ၊ ဗာတီပါမြက်များ စိုက်ပျိုးသွားရန်နှင့် ဒေသခံပြည်သူများကလည်း တာပေါင်ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သည့် အလေ့အကျင့်ကောင်းများရရှိစေရေး အသိပညာပေး ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှု မရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေး ငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူ ခံရနိုင်ပါသည်။

■ အွန်လိုင်း လောင်းကစားကြော်ငြာများ လက်ခံ ကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ မန္တလေးလျှောင်ကြီးဒဏ်သင့် ပညာရေးဝန်ထမ်းနှင့်ဝန်ထမ်းမိသားစုများနေထိုင်ရန် အဆောက်အအုံများဆောက်လုပ်မည့်မြေနေရာနှင့် ကျောင်းအဆောက်အအုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၁**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ သည် ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မန္တလေးလျှောင်ကြီး ဘေးဒဏ်သင့်ပညာရေးဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ နေထိုင်ရန် နှစ်ခန်းတွဲ Basha အဆောက်အအုံများ ဆောက်လုပ်မည့် မြေနေရာသို့ သွားရောက်၍ မြေညှိရှင်းလင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက လုံလောက်သော လမ်းအကျယ် ဖောက်လုပ်ရေး၊ နေအိမ်များ ခိုင်ခံ့မှုရှိစေရေး၊ မိုးဒဏ်လေဒဏ်ခံနိုင်ရေး၊ ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းရေး၊ မိုးလေမကျမီ အမြန်ဆုံးဆောက်လုပ်၍ မေလအတွင်း အမြန်ပြီးစီးရေး၊ ဝန်ထမ်းများ ပြောင်းရွှေ့နေထိုင်သည့်အခါ လျှပ်စစ်မီးရရှိရေး၊ သောက်ရေသုံးရေများ ရရှိရေးဆောင်ရွက်ကြရန် တာဝန်ရှိသူများကိုမှာကြား၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက်တစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဒက္ခိဏသီရိမြို့နယ် အမှတ် (၁၈) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ လျှောင်ဘေးဒဏ်ကြောင့် ပျက်စီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ ပျက်စီးမှုများကို ကျောင်းဖွင့်အမီ ပြီးစီးအောင် ပြင်ဆင်ရေး စီစဉ်ဆောင်ရွက်ပေးပြီး ဆရာ ဆရာမများအနေဖြင့် မိုးကြိုကာလတွင် ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့် ပတ်သက်၍ အထူးဂရုပြု နေထိုင်ကြရန်နှင့်သကြၤန် ရုံးပိတ်ရက် ကာလပြီးစီး၍ ရုံးများ ပြန်လည် ဖွင့်လှစ်ချိန်တွင် ရုံးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း



မှာကြားကာ သက်ဆိုင်ရာ တာဝန်ရှိသူများအား အဆင့်အလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်မာ - တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)မှ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေများ လှူဒါန်း

**နေပြည်တော် မေ ၂၁**

မန္တလေးနှင့် စစ်ကိုင်းမြို့များရှိ လျှောင်ဒဏ်သင့် နေရာဒေသများသို့ ယနေ့နံနက်ပိုင်းက သွားရောက်လေ့လာကြည့်ရှုပြီး မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးတင်ဦးနှင့် အလုပ်အမှုဆောင်အဖွဲ့က အလှူငွေများကို ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

မန္တလေး မဟာမုနိဘုရားကြီး ဘက်စုံပြုပြင် မွမ်းမံခြင်းအတွက် အဖွဲ့ဝင်များနှင့် မိသားစုများက ငွေကျပ်သိန်း ၁၀၀၊ ဖြဟ္မစိုရ် ပရဟိတအသင်းသို့ ငွေကျပ် သိန်း ၁၂၀၊ ကိုးကန့်ဗုဒ္ဓဘာသာ ကျောင်းအတွက် ငွေကျပ်သိန်း ၅၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။**(အောက်ပုံ)**

ဆက်လက်၍ စစ်ကိုင်းမြို့ရှိ ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများ၊ စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် သာသနာပြုအဆောက်အအုံများ စသည့်နေရာများအား လှည့်လည်ကြည့်ရှု၍ သီတဂူဆရာတော်ထံ ဘက်စုံပြုပြင်ရန် မိသားစုများ၏ စုပေါင်းဒါန ငွေကျပ် ၃၈၄ သိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# လျှောင်ဒဏ်သင့်ပြည်သူများအတွက် ထိုင်းနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ လာရောက်လှူဒါန်း

**မန္တလေး မေ ၂၁**

မတ် ၂၈ ရက်က မြန်မာနိုင်ငံပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်း မန္တလေးလျှောင်ကြီးကြောင့် လျှောင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းမှုအနေဖြင့် မြန်မာပြည်သူများအတွက် ထိုင်းပြည်သူများ၏ အားဖြည့်မှု၊ ထိုင်းနိုင်ငံမှ လှူဒါန်းသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများကို ထိုင်းနိုင်ငံ Royal Thai Air Force မှ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ လာရောက်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက လက်ခံရယူ၍ ကျေးဇူးတင်စကား ပြောကြားပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးဒေါက်တာအောင်ဇေယျ ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး)တွင် သင်တန်းများ ပုံမှန်အတိုင်း ဖွင့်လှစ်နိုင်ရေး ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၁**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ် သယံဇာတရေးရာဝန်ကြီးနှင့်အတူ ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး)သို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကား ပြောကြားသည်။ တွေ့ဆုံပွဲတွင် ဒုတိယပါမောက္ခချုပ်က မန္တလေးလျှောင်ကြီးဒဏ်ကြောင့် ပင်မသုံးထပ်စာသင်ဆောင်နှင့် အခြားထိခိုက်ပျက်စီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နေမျိုးထွန်းက ဖြည့်စွက် ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်များအတိုင်း တိတိကျကျ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားပြီး ကျောင်းဖွင့်ချိန်၌ သင်တန်းများကို ပုံမှန်အတိုင်း ဖွင့်လှစ်နိုင်ရေး လုပ်ငန်းများဆိုင်ရာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။



ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပင်မသုံးထပ်စာသင်ဆောင်ရှိ လော်ဘီ၌ ကွန်ကရစ်တိုင်များ၊ Bean လိုင်းများနှင့် လှေကားခွင်တွင် Structure နှင့် Strength ထိခိုက်ပျက်စီးမှုအခြေအနေများ၊ မြေညီထပ်၊ ပထမထပ်နှင့် ဒုတိယထပ်တို့တွင် ကွန်ကရစ်တိုင်များ၊ Bean လိုင်းများ၊ နံရံများ၊ မျက်နှာကြက်များ၊ လှေကားခွင်များ၊ Joint အဆက် ကော်လံတိုင်များတွင် ထိခိုက်ပျက်စီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

နေ့လယ်ပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ကြီး)သို့ ရောက်ရှိပြီး အဆိုပါ သိပ္ပံနှင့် အစိုးရနည်းပညာ အထက်တန်းကျောင်း (ပင်းပက်)တို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် သက်ဆိုင်ရာကျောင်းအုပ်ကြီးများနှင့် ဝန်ထမ်းများက သာမန်အဆင့် အသေးစားထိခိုက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဉာဏ်ဝင်းသန်းက ဖြည့်စွက် ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးနှင့် ပြည်နယ်သယံဇာတရေးရာ ဝန်ကြီးတို့က လိုအပ်သည်များ မှာကြားပြီး လုပ်ငန်း လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)မျိုးစေ့ပေးအပ်ပြီး ကြဲပက်ကွင်းသရုပ်ပြ

ပုသိမ် ဧပြီ ၂၁

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း နှင့် အဖွဲ့ဝင်များသည် ဧပြီ ၂၀ ရက်က မြန်အောင်ခရိုင်၊ ဟင်္သာတခရိုင်တို့၌ပြုလုပ်သည့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံ လျှော်) မျိုးစေ့ပေးအပ်ပွဲနှင့် ကြဲပက်ခြင်းကွင်းသရုပ်ပြ ပွဲသို့တက်ရောက်၍ တောင်သူများနှင့်အတူ သစ်စိမ်း မြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့များ ကြဲပက်ပေး သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ရွှေတောင်စုကျေးရွာရှိ တောင်သူ ဦးသိန်းထွန်း၏ စိုက်ဧရိယာတစ်ကေ၌ ပြုလုပ်သည့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ပွဲနှင့် ကြဲပက်ခြင်းကွင်းသရုပ်ပြပွဲသို့ တက်ရောက်ပြီး တောင်သူများထံသို့ မျိုးစေ့များပေးအပ်ကာ ဌာန ဆိုင်ရာများ၊ တောင်သူများနှင့်အတူ သစ်စိမ်းမြေ ဩဇာ(ပိုက်ဆံလျှော်)မျိုးစေ့များ ကြဲပက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ သည် ဟင်္သာတမြို့နယ် ဒူးယားမြို့ အမှတ် (၃) ရပ်ကွက် တောင်သူ ဦးကြည်စိုး၏ စိုက်ကေသုံးကေ တွင် ၂၀၂၅ခုနှစ် မိုးစပါးရာသီတွင် မြေဆီလွှာဖွံ့ဖြိုး တိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံ လျှော်) မျိုးစေ့ပေးအပ်ပွဲနှင့် ကြဲပက်ပွဲသို့ တက်ရောက် ၍ တောင်သူများထံသို့ မျိုးစေ့များပေးအပ်ကာ ဌာန ဆိုင်ရာများ၊ တောင်သူများနှင့်အတူ သစ်စိမ်းမြေ ဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့များ ကြဲပက်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်သူများအား မိုးစပါး ပန်းတိုင်အထွက်နှုန်း ရောက်ရှိရေးကြိုးပမ်းဆောင်ရွက်ကြရန်၊ ဒေသရေမြေ နှင့်ကိုက်ညီသည့် အထွက်တိုး မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးကြရန်၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး အတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့် သွင်းစိုက်ပျိုးခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူး များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တောင်သူများထံ ပိုက်ဆံလျှော်မျိုးစေ့များ ပေးအပ်စဉ်။



# မှော်ဘီမြို့နယ်၌ မြန်မာ့ရိုးရာနှစ်သစ်ကူး နှစ်ဆန်းသုံးရက်နေ့ (တတိယအကြိမ်)နှစ်ဦးအထူးတရားပွဲ ကျင်းပ

**မှော်ဘီ ဧပြီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ရွှေမော်တင်စေတီတော် ဂေါပကအဖွဲ့နှင့်ရပ်ကွက်ကျေးရွာအုပ်စု(၄၃)အုပ်စုမှ အုပ်ချုပ်ရေးမှူးများက ကြီးမှူးကျင်းပသည့်(တတိယ အကြိမ်)နှစ်ဦးအထူးတရားပွဲကို မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူး နှစ်ဆန်း သုံးရက်နေ့ ည ၇ နာရီက ရွှေမော်တင်စေတီတော် မြတ်ကြီး၏ ဝတ္ထုကံမြေ၌ ကျင်းပသည်။

မြန်မာနှစ်ဆန်းသုံးရက်နေ့ နှစ်ဦးအထူးတရားပွဲ ကို ကိုးလုံးကွင်းပရိယတ္တိစာသင်တိုက်ကြီး၏ ဆရာ တော် ဘဒ္ဒန္တဃောသိတ (သာသနဓဇအစိုးရဓမ္မာ စရိယ မဟာဂန္ထဝါစကပဏ္ဍိတ၊ မှော်ဘီမြို့နယ် သံဃနာယကဥက္ကဋ္ဌ၊ တိုင်းသံဃဝန်ဆောင်) က "သူတော်ကောင်းဖြစ်ကြောင်း(၇)ပါး"ဟူသော အထူး တရားအား ဟောကြားခဲ့သည်။

ဆက်လက်၍ ဆရာတော်အား မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည့်ဖြိုးမောင်နှင့်အဖွဲ့ဝင် များက မတည်အလှူငွေကျပ် သိန်း ၂၀၊ ရပ်ကွက် ကျေးရွာများမှ မတည်အလှူငွေကျပ် ၂၇၄၀၀၀၀ နှင့် (၇)ရက်သားသမီးများ၏ ဓမ္မပူဇာအလှူတော်ငွေ ကျပ် ၂၁၉၄၆၀၀ စုစုပေါင်းငွေကျပ် ၆၉၃၄၆၀၀ တို့ကို ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစု တို့ကို ရေစက်ချတရားနာကြားခဲ့ကြောင်း သိရ သည်။

**ကောင်းမြတ်သူ(မှော်ဘီ)**

# စလင်းမြို့၌ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေးဆောင်ရွက်

**စလင်း ဧပြီ ၂၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် စည်ပင် သာယာရေးအဖွဲ့က မြို့သန့်ရှင်းသပ်ရပ်လှပရေး နှင့် မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရေး ဧပြီ ၂၀ ရက်က မြို့အဝင်ဆိုင်းဘုတ်အနီး သန့်ရှင်းရေးဆောင်ရွက် ခြင်း၊ စလင်း-မင်းဘူးကားလမ်းတစ်လျှောက် ပန်း အလှပင်များနှင့် အရိပ်ရပင်များစိုက်ပျိုးရန် မြေကျင်း တူးဖော်ခြင်း၊ မြို့မဈေး သန့်ရှင်းသာယာရေး ဆောင် ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့ အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော် ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများ နှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# လွိုင်ကော်မြို့၌ လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အားကစားနှင့်ကာယပညာသိပ္ပံကျောင်းဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်

**လွိုင်ကော် မေ ၂၁**

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အဆင့်မြင့်ပညာ၊ အခြေခံ ပညာကျောင်းများနှင့် သင်တန်းကျောင်း၊ သိပ္ပံကျောင်းများ ဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် အဖွဲ့ဝင်များသည် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(လွိုင်ကော်)နှင့်အားကစားနှင့် ကာယပညာသိပ္ပံ(လွိုင်ကော်) ကျောင်းများ ဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

## ကြိုတင်ပြင်ဆင်

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လွိုင်ကော်မြို့ ဒေါနိုးကူးရပ်ကွက် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (လွိုင်ကော်)ရှိ သင်တန်းကျောင်းခန်းမဆောင်၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ သင်တန်းကျောင်း ကျောင်းအုပ်ကြီးက ကျောင်းဖွင့်လှစ်နိုင်ရန်အတွက် ဝန်ထမ်းများစုဖွဲ့ထားမှု၊ ကျောင်းဆောင်များ ကြိုတင်ပြင်ဆင်ထားမှု၊ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်လက်ခံမည့်အခြေအနေနှင့် အုပ်ချုပ်မှုများအား ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက်ကျောင်းဝင်းအတွင်းရှိ သင်တန်းသား သင်တန်းသူအိပ်ဆောင်များ၊ စားရိပ်သာများ၊ ထမင်းချက်ဆောင်များ၊ စာသင်ဆောင်များ ကြိုတင်ပြင်ဆင်ထားရှိမှုများ၊ ပစ္စည်းစတိုနှင့် ရိက္ခာဂိုဒေါင်များတွင် သင်တန်းသုံးပစ္စည်းများနှင့် ဆန်၊ ဆီ၊ ပဲ၊ ဆားများ ကြိုတင်သိုလှောင်ထားရှိမှုများနှင့် ဝန်ထမ်းသက်သာချောင်ချိရေးအတွက် မွေးမြူထားသည့် ဥစားကြက်ကောင်ရေ ၅၀၀ မွေးမြူရေးခြံ အောင်မြင်ဖြစ်ထွန်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။

## လှည့်လည်ကြည့်ရှု

ဆက်လက်၍ အားကစားနှင့် ကာယပညာသိပ္ပံ (လွိုင်ကော်)သို့ ရောက်ရှိကာ ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် စားရိပ်သာနှင့် ထမင်းချက်ဆောင် ပြုပြင်မွမ်းမံပြီးစီးမှုများ၊ ကျောင်းသား ကျောင်းသူအိပ်ဆောင်များ၊ စာသင်ဆောင်များ၊ ဝန်ထမ်းအိမ်ရာများ ကြိုတင်ပြင်ဆင်ထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် မီတာ ၄၀၀ Synthetic ပြေးလမ်းနှင့် ဘောလုံးကွင်း ပြုပြင်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးပြီး ယခုပညာသင်နှစ်တွင် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသည့် ကျောင်းသား ကျောင်းသူများ အင်အားပြည့် တက်ရောက်နိုင်ရေး၊ ကျောင်းစာသင်ကြားသည့် ဆရာ ဆရာမများ ပြည့်စုံစွာဖြင့် စိတ်အေးချမ်းသာစွာ သင်ကြားနိုင်အောင် စနစ်တကျကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် သင်တန်းသားအိပ်ဆောင်၌ ပြင်ဆင်ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။



# တောင်ကြီးမြို့ ရွှေဘုန်းပွင့်စေတီတော် ဓမ္မာရုံ၌ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲကျင်းပ

**တောင်ကြီး မေ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် တောင်ကြီးမြို့၏ ကျက်သရေဆောင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ နှစ်ဦးအသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရွှေဘုန်းပွင့်စေတီတော် ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင် အမှူးပြုသော ဒေ့ပရိသတ်အပေါင်းတို့က နိုင်ငံတော်ဩဝါဒါစရိယ စွန်လွန်းဂူကမ္မဋ္ဌာန်းကျောင်းတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသ အရှင်သူမြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော် အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူအပ်သော ပရိတ်တရားတော်များကို နာယူကြည်ညို ကြသည်။

ထို့နောက်တောင်ကြီးမြို့ သိမ်တောင်ကျောင်းတိုက်မှ အရှင်မာဃဝက ပဋ္ဌာန်းအောင်ဂါထာကို ရွတ်ဖတ်ပူဇော်ပြီး သံဃာတော်အရှင်သူမြတ်များအား ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တောင်ကြီးမြို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဘုရားကြီး အနောက်ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသဇ္ဇနထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရား နာယူကြည်ညိုပြီး ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# မိုင်းရှူးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ (ဒုတိယ)အကြိမ်မြောက် ထုတ်ချေး

**မိုင်းရှူး မေ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)မိုင်းရှူးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ (ဒုတိယ) အကြိမ်မြောက် ထုတ်ချေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကောင်းဟတ်ကျေးရွာ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမင်းဦးက ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။



ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင် စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကောင်းဟတ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်မည့်သူ စုစုပေါင်း အသင်းသား အသင်းသူ ၁၆ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၉၇ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်

# မိုင်းလားမြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**မိုင်းလား မေ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မိုင်းလားမြို့နယ်အတွင်းရှိ (၂၄)မိုင်ကျေးရွာနှင့် (၂၆)မိုင်ကျေးရွာများ၌ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ကို မိုင်းလား မြို့နယ်အတွင်းရှိ (၂၄) မိုင်ကျေးရွာတွင် ကျေးရွာဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်းနှင့် (၂၆)မိုင်ကျေးရွာတွင် ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများကို ကျေးရွာတစ်ရွာလျှင် စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေများကို အသုံးပြုပြီး ၂၀၂၄ ခုနှစ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုကြောင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသက်ညီညီနှင့် စီမံကိန်းတာဝန်ခံတို့က ကျေးရွာသူ ကျေးရွာသားများထံ လုပ်ငန်းလွှဲပြောင်းမှတ်တမ်းလွှာများ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

၂၂၂





# သန်လျင်မြို့နယ် ဖားကူးအနောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေး

**ရန်ကုန် မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖားကူးအနောက်ကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်မြတ်မြတ်မော်က စီမံကိန်းလည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဖားကူးအနောက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် ရေလုပ်ငန်း လုပ်ကိုင်သူစုစုပေါင်း အသင်းသား အသင်းသူ ၂၂၆ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၅၀ ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်

# ပုပ်ရဟန်းမင်းကြီး ဖရန်စစ် အသက် ၈၈ နှစ်တွင် ကွယ်လွန်



**ဗာတီကန်စီးတီး ဧပြီ ၂၁**
ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် အသက် ၈၈ နှစ်အရွယ်တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း ဗာတီကန်က ဧပြီ ၂၁ ရက်တွင် ထုတ်ပြန်ကြေညာထားသည်။ ပုပ်ရဟန်းမင်းကြီးကို အာဂျင်တီးနားနိုင်ငံတွင် မွေးဖွားခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ရိုမန်ကက်သလစ် ခရစ်ယာန်အသင်းတော်၏ အကြီးအကဲအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ပထမဆုံး လက်တင်အမေရိကလူမျိုး ဖြစ်လာခဲ့သည်။

ထို့အပြင် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများကို ကာကွယ်စောင့်ရှောက်ရန်နှင့် ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်ဆောင်ရွက်ရန် တိုက်တွန်းခဲ့သည်။ ပုပ်ရဟန်းမင်းကြီးသည် ဧပြီ ၂၁ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၃၅ မိနစ်တွင် ကွယ်လွန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ သို့သော်လည်း ကွယ်လွန်ရခြင်း၏ အကြောင်းရင်းကို ဖော်ပြထားခြင်းမရှိပေ။

ပုပ်ရဟန်းမင်းကြီးသည် မကြာသေးမီနှစ်များအတွင်း ဆေးရုံသို့မကြာခဏ တက်ရောက်ခဲ့ရကြောင်း၊ ဖေဖော်ဝါရီ ၁၄ ရက်မှစ၍ အဆုတ်ပွန်ရောင်မှုကို အီတလီနိုင်ငံ ရောမမြို့ရှိ ဆေးရုံတစ်ရုံ၌ တစ်လကျော်ကြာ ဆေးဝါးကုသမှုခံယူခဲ့ရကြောင်း သိရသည်။

၎င်းသည် ၂၀၁၉ ခုနှစ်တွင် ဂျပန်နိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ကြောင်းနှင့် ထိုကဲ့သို့ လာရောက်လည်ပတ်မှုမှာ နှစ်ပေါင်း ၃၈ နှစ်အတွင်း ပထမဆုံးအကြိမ် လာရောက်လည်ပတ်သည့် ပုပ်ရဟန်းမင်းကြီးဖြစ်ကြောင်း သိရသည်။

ရိုမန်ကက်သလစ် ခရစ်ယာန်အသင်းတော်၏ အကြီးအကဲဖြစ်သူ ပုပ်ရဟန်းမင်းကြီးသည် အဏုမြူဗုံးကြဲချခြင်းခံရသည့် ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့များတွင် ၎င်း၏ မိန့်ခွန်းများအတွင်း နျူကလီးယား လက်နက်များကို ဖျက်သိမ်းရန် တောင်းဆိုခဲ့သူဖြစ်သည်။ ထို့အပြင် ပုပ်ရဟန်းမင်းကြီးသည် ဂါဇာကမ်းမြောင်ဒေသ ငြိမ်းချမ်းရေးအတွက်လည်း တောင်းဆိုခဲ့သူ ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ အာဖရိကအာကာသအေဂျင်စီ ရုံးချုပ်ဖွင့်ပွဲအခမ်းအနားကျင်းပ

**ကိုင်ရို ဧပြီ ၂၁**
အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင်ရှိသည့် အီဂျစ်အာကာသ မြို့တော်တွင် အာဖရိက အာကာသအေဂျင်စီ (အေအက်ဖ်အက်စ်အေ) ရုံးချုပ်ကို ဧပြီ ၂၀ ရက်က ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

အီဂျစ်နိုင်ငံသည် အာဖရိက သမဂ္ဂ၏ ၂၀၆၃ ခုနှစ် အစီအစဉ်တွင် ပါဝင်သော 'ကျွန်ုပ်တို့လိုချင်တဲ့ အာဖရိက' ဆိုသည့် ရည်မှန်းချက်ကို ပုံဖော်နိုင်မည့် အေဂျင်စီတစ်ခု တည်ထောင်ရန် အားသွန်ခွန်စိုက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်ဟု အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဘက်ဒ်အက်ဒဲလ်လတ်တီက ဖွင့်ပွဲအခမ်းအနားတွင် ပြောသည်။

ထို့အပြင် အဆိုပါ အေဂျင်စီသည် အာဖရိကနိုင်ငံများအကြား အာကာသကို ငြိမ်းချမ်းစွာ အသုံးပြုနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်း၊ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုများ ဖလှယ်ခြင်းနှင့် စွမ်းဆောင်ရည်များ တည်ဆောက်ခြင်းများ အပြင် နိုင်ငံတကာဖိုရမ်များတွင် အာဖရိက၏ ရပ်တည်ချက်ကို တစ်သားတည်း ဖြစ်အောင် လုပ်ဆောင်ပေးနိုင်မည် ဖြစ်ကြောင်း ၎င်းက အလေးပေးပြောကြားသည်။




အီဂျစ်အာကာသအေဂျင်စီ၏ အမှုဆောင်အရာရှိချုပ် ရှာရစ်ဆက်ခ်ီက အေအက်ဖ်အက်စ်အေ ဖွင့်ပွဲအခမ်းအနားတွင် အာဖရိကတိုက်၏ သမိုင်းတွင် အရေးပါသည့် မှတ်တိုင်တစ်ခုဖြစ်ကြောင်း ပြောသည်။ ထို့အပြင် အေအက်ဖ်အက်စ်အေသည် အာဖရိကနိုင်ငံများအားလုံးအတွက် တီထွင်ဖန်တီးမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် တိုးတက်မှုများ၏ လမ်းပြအလင်းရောင် တစ်ခုသဖွယ်ဖြစ်လာမည်ဟုလည်း ၎င်းက ဆက်ပြောသည်။

အာဖရိကသမဂ္ဂက လိုအပ်သည့် နိုင်ငံရေးနှင့် နည်းပညာစံနှုန်းတွေ ပြည့်မီသည့်အတွက် အီဂျစ်နိုင်ငံကို အေအက်ဖ်အက်စ်အေ၏ အိမ်ရှင်နိုင်ငံအဖြစ် ၂၀၁၉ ခုနှစ်တွင် ရွေးချယ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ယီမင်မြို့တော် ဆာနားကို အမေရိကန် လေကြောင်းတိုက်ခိုက် သေဆုံးသူ ၁၂ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၃၀ ခန့်ရှိ

**ဆာနား ဧပြီ ၂၁**
ယီမင်မြို့တော်ဆာနားရှိ လူစည်ကားသောဈေးကို အမေရိကန်က လေကြောင်း တိုက်ခိုက်မှုပြုလုပ်ခဲ့ရာ သေဆုံးသူ ၁၂ ဦးအထိရှိလာပြီး ၃၀ ခန့်ဒဏ်ရာရရှိခဲ့သည်ဟု ဟူသီထိန်းချုပ်မှုအောက်ရှိ ကျန်းမာရေး အာဏာပိုင်များက ပြောသည်။

ဟူသီထိန်းချုပ်မှု အောက်ရှိ အယ်မာဆီရာ ရုပ်မြင်သံကြား၏ သတင်းထုတ်ပြန်ချက်အရ အမေရိကန်တို့၏ လေကြောင်း တိုက်ခိုက်မှုများသည် ဖာဝါဈေးကို ပစ်မှတ်ထားကြောင်းနှင့် အဆိုပါ ဈေးသည် ဆာနားတွင် အစည်ကားဆုံး ဈေးတစ်ခုဖြစ်ကြောင်း သိရသည်။



ကယ်ဆယ်ရေးများ လုပ်ဆောင်လျက်ရှိသည့် ကယ်ဆယ်ရေးအဖွဲ့ဝင်များသည် အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေလျက်ရှိသလို အုတ်ပုံများအောက်တွင် သေဆုံးသူ ရှိ မရှိ ရှာဖွေလျက်ရှိသည်။

ဧပြီ ၂၀ ရက်တွင် ဆာနားမြို့တွင်း မြို့ပြင်နေရာများကို အမေရိကန်တို့ လေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ ယခုပြုလုပ်ခဲ့သော လေကြောင်း တိုက်ခိုက်မှုသည် အမေရိကန်တို့၏ မြောက်မြားစွာသော လေကြောင်းတိုက်ခိုက်မှုများထဲမှ တစ်ခုဖြစ်ကြောင်း ဟူသီမီဒီယာက ဖော်ပြသည်။

လူ ၈၀ ခန့်သေဆုံးခဲ့သော ယီမင်ဆိပ်ကမ်းကို အမေရိကန်တို့ လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ပြီးနောက် ရက်အနည်းငယ် အကြာတွင် ယခုလို လေကြောင်း တိုက်ခိုက်မှု ထပ်မံပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

ပင်လယ်နီတွင် အစ္စရေးနှင့် အမေရိကန်တို့၏ စစ်သင်္ဘောများ တိုက်ခိုက်ခံရခြင်းမှ တားဆီးရန် မတ် ၁၅ ရက်မှစကာ အမေရိကန်တို့သည် ယီမင်ရှိ ဟူသီတို့ကို ပစ်မှတ်ထားပြီး လေကြောင်း တိုက်ခိုက်မှု ပြုလုပ်ခဲ့သည့်အချိန်မှစကာ နှစ်ဖက်အဖွဲ့များကြား တင်းမာမှုများ မြင့်တက်လာခဲ့သည်။

ယီမင်မြောက်ပိုင်းအများစုကို ထိန်းချုပ်ထားသော ဟူသီတို့က ၎င်းတို့၏ တိုက်ခိုက်မှုများသည် အမေရိကန်ကျောထောက်နောက်ခံပြုထားသည့် အစ္စရေးတို့ကို ဂါဇာကမ်းမြောင်ဒေသတွင် ထိုးစစ်ဆင်မှုများ ရပ်ဆိုင်းရန်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများကို ဝင်ရောက်ခွင့်ပြုရန် ရည်ရွယ်ကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# အာဖဂန်၌ ကလေးငယ် ၁၁ ဒသမ ၆ သန်းကို ဦးတည်ကာ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးမှု စတင်

**ကဘူးလ် ဧပြီ ၂၁**
အာဖဂန်နစ္စတန်နိုင်ငံ ကြားဖြတ်အစိုးရ၏ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံတစ်ဝန်းရှိ အသက်ငါးနှစ်အောက်ကလေးငယ် ၁၁ ဒသမ ၆ သန်းအား ဦးတည်ကာ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးလှုပ်ရှားမှုကို ဧပြီ ၂၁ ရက်တွင် စတင်ခဲ့ကြောင်း သိရသည်။

ဧပြီ ၂၁ ရက်မှ ၂၄ ရက်အထိ အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် နေရာဒေသအသီးသီးကို လှည့်လည်သွားလာပြီး ကလေးငယ်များကို ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးသွားမည် ဖြစ်ကြောင်း ဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ရှာရာဖတ် ဇာမန်း အမာခီးလ်က ပြောသည်။ ထို့အပြင် အသက်ငါးနှစ်အောက် ကလေးငယ်များကို ဗီတာမင်အေဖြည့်စွက်ဆေးများကိုလည်း ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

လူမျိုးစုအကြီးအကဲများ၊ ဘာသာရေးပညာရှင်များနှင့် ဒေသခံပြည်သူများအား တက်ကြွစွာပါဝင်ကြရန်နှင့် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးသည့်လုပ်ငန်း စနစ်တကျအောင်မြင်အောင် လုပ်ဆောင်နိုင်ရန် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးသည့် ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် အမာခီးလ်က တိုက်တွန်းထားသည်။

**ဆင်ဟွာ**

# အမေရိကန်၌ အင်အားပြင်းမုန်တိုင်းတိုက်ခတ်

**ဝါရှင်တန် ဧပြီ ၂၁**
အမေရိကန်ပြည်ထောင်စုအလယ်ပိုင်း အိုကလာဟိုးမားတွင် သီတင်းတစ်ပတ်အတွင်း အင်အားပြင်းမုန်တိုင်းတိုက်ခတ်ခဲ့ရာ သုံးဦးသေဆုံးခဲ့ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ဧပြီ ၂၀ ရက်တွင် ပြောကြားလိုက်သည်။

အိုကလာဟိုးမားမြို့နှင့် ၁၆ ကီလိုမီတာအကွာ ( ၁၀ မိုင်) အကွာရှိ မိုရီဒေသတွင် အသက် ၁၂ နှစ်အရွယ်ကလေးတစ်ဦးနှင့် ၎င်း၏ အမေဖြစ်သူ အမျိုးသမီးတစ်ဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

ယခုမုန်တိုင်းသည် ရာဇဝင်တွင်မည့်မုန်တိုင်းဖြစ်ပြီး မုန်တိုင်းကြောင့် လမ်းများ ပျက်စီးခဲ့ကာ မြို့တော်တစ်ဝန်းရေလွှမ်းမှုများ ဖြစ်ခဲ့သည်။ နောက်ထပ်တစ်ဦးလည်း လေဆင်နှာမောင်းတိုက်ပြီးနောက် သေဆုံးခဲ့သည်။ နေအိမ်အများအပြားနှင့် အဆောက်အအုံများလည်း ပျက်စီးခဲ့သည်။

**ဆင်ဟွာ**

# အင်ဒိုနီးရှားနိုင်ငံ၌ မိုးသန်းထန်စွာရွာသွန်း၊ သုံးဦးသေဆုံး

**ဂျကာတာ ဧပြီ ၂၁**
အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်း လမ်ပန်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံဖြစ်ပွားမှုကြောင်း သုံးဦးသေဆုံးခဲ့ကြောင်း ပြည်နယ်သဘာဝဘေးအန္တရာယ် လျော့ပါးသက်သာရေးအေဂျင်စီက ဧပြီ ၂၁ ရက်တွင် ဖော်ပြခဲ့သည်။ ပူးတွဲကယ်ဆယ်ရေးအဖွဲ့သည် ရေဘေးသင့်သူ သုံးဦးကို ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ပြီး မည်သူမည်ဝါဖြစ်ကြောင်း ခွဲခြားနိုင်ရန် ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ပြည်နယ်မြို့တော်တစ်ခုလုံး ရေလွှမ်းခဲ့ကာ တချို့ဒေသများတွင် အိမ်များရေလွှမ်းနစ်မြုပ်ခဲ့ပြီး အစိုးရအဆောက်အအုံများလည်း ရေလွှမ်းခဲ့သည်။

**ဆင်ဟွာ**

# အိမ်ဖြူတော်အစိုးရ သက်တမ်းသုံးလအကြာ ဖြစ်ပေါ်လာသည့် ထရမ့်ဆန့်ကျင်ရေး ဆန္ဒပြပွဲများ

● နွယ်နီလင်း

**ဧပြီ ၂၀ ရက်တွင် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီ၊ နယူးယောက်၊ ဆန်ဖရန်စစ္စကိုနှင့် ဘော့စတွန်တို့အပါအဝင် မြို့ပေါင်းများစွာမှ ပြည်သူများသည် ရွှေ့ပြောင်းအခြေချသူများကို ပြည်နှင်ဒဏ်ပေးခြင်း၊ အစိုးရမှ အလုပ်ထုတ်ခြင်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးများကို ချိုးဖောက်သည်ဟု ယူဆရသည့် သမ္မတထရမ့်၏ အစိုးရမူဝါဒများကို ရှုတ်ချရန် ဆန္ဒပြပွဲများ ထပ်မံဖြစ်ပွား**

သမ္မတ ဒေါ်နယ်ထရမ့် အစိုးရအဖွဲ့ တာဝန်ယူမှု သုံးလပြည့်အချိန်တွင် အမေရိကန်ပြည်ထောင်စုအနှံ့ ထရမ့်ဆန့်ကျင်ရေးဆန္ဒပြပွဲများ ကြီးထွားလာနေသည်။ ဆန္ဒပြသူများက လူမျိုးရေးခွဲခြားမှု၊ ရွှေ့ပြောင်းနေထိုင်သူများအား ရက်စက်စွာဆက်ဆံမှုနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ခြိမ်းခြောက်နေသည်ဟု ယူဆရသော အစိုးရအုပ်ချုပ်မှုပုံစံများကို ကန့်ကွက်နေကြသည်။

မကြာသေးမီက နယူးယောက်၊ လော့စ်အိန်ဂျလိစ်နှင့် ဝါရှင်တန်ဒီစီတို့တွင် လူထုအလုံးအရင်း ပါဝင်သော ဆန္ဒပြမှုများ ကျင်းပခဲ့ပြီး "ဒီမိုကရေစီကို ကာကွယ်ကြ"၊ "တရားဥပဒေစိုးမိုးရေး" စသည့် ဆောင်ပုဒ်များဖြင့် လှုပ်ရှားမှုများ ဆက်တိုက်ဖြစ်ပေါ်လာနေသည်။

မကြာသေးမီက အမေရိကန်သမ္မတ အိမ်ဖြူတော်ရှေ့ ဆန္ဒပြပွဲတွင် "တရားမဝင် ပြည်နှင်ဒဏ်ပေးခြင်းများကို ရပ်တန့်ပါ"၊ "အလုပ်သမားတွေပဲ အာဏာရသင့်တယ်၊ သန်းကြွယ်သူဌေးတွေ မဟုတ်ဘူး"၊ "ဖွဲ့စည်းပုံအခြေခံဥပဒေ အကျပ်အတည်းက ဒီမှာပါ" စသည်ဖြင့် လက်ကိုင်ဆိုင်းဘုတ်အမျိုးမျိုးကို တွေ့ရသည်။

ဧပြီ ၂၀ ရက်တွင် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီ၊ နယူးယောက်၊ ဆန်ဖရန်စစ္စကိုနှင့် ဘော့စတွန်တို့အပါအဝင် မြို့ပေါင်းများစွာမှ ပြည်သူများသည် ရွှေ့ပြောင်းအခြေချသူများကို ပြည်နှင်ဒဏ်ပေးခြင်း၊ အစိုးရမှ အလုပ်ထုတ်ခြင်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးများကို ချိုးဖောက်သည်ဟု ယူဆရသည့် သမ္မတထရမ့်၏ အစိုးရမူဝါဒများကို ရှုတ်ချရန် ဆန္ဒပြပွဲများ ထပ်မံဖြစ်ပွားခဲ့သည်။

ထရမ့်နှင့် ၎င်း၏ အစိုးရအဖွဲ့ကို ဆန့်ကျင်ကြောင်း ဆန္ဒပြရန် အိမ်ဖြူတော်ရှေ့သို့ ရောက်ရှိနေသည့် လူမှုရေးအဖွဲ့အစည်းတစ်ခုတွင် အလုပ်လုပ်နေသော ဖရန့်က သမ္မတထရမ့် အစိုးရက အထူးသဖြင့် ကျောင်းသားများနှင့် ရွှေ့ပြောင်းနေထိုင်သူများအား တရားမျှတမှုမရှိဘဲ ပြည်နှင်ဒဏ်ပေးနေခြင်းသည် အခြေခံဥပဒေကို ဆန့်ကျင်နေသကဲ့သို့ လူများအပေါ် ရာဇဝတ်မှုကျူးလွန်နေခြင်းဖြစ်ကြောင်း ပြောသည်။

"အမေရိကန်နိုင်ငံမှာ လူတိုင်းမှာ အပြစ်ရှိကြောင်း သက်သေမပြမချင်း အပြစ်မရှိဘူးလို့ ယူဆပေမယ့် ထရမ့်ကတော့ လူတွေရဲ့ နေထိုင်ခွင့်ဗီဇာတွေကို ဖယ်ရှားပြီး သူတို့ကို အမေရိကန်နိုင်ငံအတွင်းကနေ နှင်ထုတ်နေပါတယ်” ဟု ၎င်းကဆိုသည်။

ထရမ့်၏ သမ္မတသက်တမ်းသုံးလအတွင်း ၎င်း၏အစိုးရ ယန္တရားသည် ချမ်းသာသူများကိုသာ ပိုပြီးချမ်းသာအောင် လုပ်ပေးနေခြင်းဖြစ်ကြောင်း ဖရန့်က ကပြောကြားခဲ့သည်။

“သူတို့ရဲ့မူဝါဒအားလုံးက သူ့ရွေးကောက်ပွဲအတွက် လှူဒါန်းခဲ့ကြတဲ့ ချမ်းသာတဲ့သူတွေ ပိုပြီးချမ်းသာလာအောင်လုပ်ပေးဖို့ပါ။ ဒါကြောင့် ချမ်းသာသူတွေအတွက် အခွန်တွေ လျှော့ချတာ၊ ကုမ္ပဏီတွေ ပိုအားကောင်းလာပြီး ပိုစွမ်းအားကြီးလာအောင် လုပ်တာတွေဟာ သန်းကြွယ်သူဌေးတွေရဲ့ အစီအစဉ်ဖြစ်ပြီး ပြည်သူတွေရဲ့ အစီအစဉ်မဟုတ်ပါဘူး" လို့ ၎င်းက ထပ်လောင်းပြောသည်။




၂၀၂၅ ခုနှစ် ဧပြီ ၁၉ ရက်က အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့ရှိ အိမ်ဖြူတော် အပြင်ဘက်၌ တွေ့ရသည့် ဆန္ဒပြသူများ။

အိမ်ဖြူတော်၏ မြောက်ဘက်ခြမ်းရှိ လက်ရန်းဘေးတွင် ထိုင်နေသည့် ဝုဒ်စုံတွဲသည် "ကွန်ဂရက် = လူယုတ်မာများ" ဟူသော ဆိုင်းဘုတ်ကို ကိုင်ဆောင်ထားသည်။ ၎င်းတို့သည် ဆန္ဒပြမှုတွင် ပါဝင်ရန် ပင်ဆယ်ဗေးနီးယားပြည်နယ် ဘရန့်ဖို့ဒ်မှ သုံးနာရီကျော် ကားဖြင့် လာခဲ့ရသူများဖြစ်သည်။

"ကွန်ဂရက် = လူယုတ်မာများ" ဟူသော ဆိုင်းဘုတ်နှင့်ပတ်သက်၍ ရွှေ့ပြောင်းအခြေချသူများကို ပြည်နှင်ဒဏ်ပေးခြင်း၊ အခွန်စည်းကြပ်ခြင်းနှင့် အစိုးရအလုပ်ဖြုတ်ခြင်း စသည့်မူဝါဒများနှင့် ပတ်သက်၍ ရေငုံနှုတ်ပိတ်ဖြစ်နေသော ရီပတ်ဘလီကန် အများစု ထိန်းချုပ်ထားသည့် ကွန်ဂရက်ကို အလွန်စိတ်ပျက်မိကြောင်း ဝုဒ် စုံတွဲက ရှင်းပြသည်။

“ကွန်ဂရက်က သူတို့အလုပ်မလုပ်ဘူး။ သူတို့က တခြားအစိုးရဏ္ဍိုင်နှစ်ရပ်ကို ဟန့်ချက်ညီအောင်လုပ်ဖို့ ရပ်တည်နေတာမဟုတ်ဘူး။ ပြည်သူတွေရဲ့ဆန္ဒကို ကိုယ်စားပြုပေးဖို့ နေနေသာသာ ဆန့်ကျင်ဘက်တွေပဲ လုပ်နေတာ” ဟု မစ္စစ်ဝုဒ်က ဆိုသည်။

"လူတိုင်း တရားရုံးမှာ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ပိုင်ခွင့်ရှိသင့်တယ်။ ထရမ့်အစိုးရအဖွဲ့က နှင်ထုတ်ခံရသူများဟာ ရာဇဝတ်သားတွေဖြစ်တယ်လို့ အခိုင်အမာဆိုပေမယ့် အချို့မှာ ဆေးမင်ကြောင် ထိုးထားတဲ့အတွက်သာ အဖမ်းခံခဲ့ရခြင်းဖြစ်တယ်” ဟု ၎င်းကမှတ်ချက်ပြုသည်။

အမျိုးသားဝန်ဆောင်မှုနှင့် စေတနာ့ဝန်ထမ်းအေဂျင်စီဖြစ်သော AmeriCorps နှင့် အလုပ်လုပ်သော ဆိုဖီအတွက် ထရမ့်အစိုးရအဖွဲ့၏ ဖက်ဒရယ်ရန်ပုံငွေဖြတ်တောက်မှုသည် အလွန်စိုးရိမ်စရာဖြစ်ကြောင်း၊ ဖက်ဒရယ်အေဂျင်စီသည် သဘာဝပတ်ဝန်းကျင် ပြန်လည်ထူထောင်ရေး၊ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေး၊ အစားအစာအကူအညီနှင့် အစောပိုင်းပညာရေးအစီအစဉ်များအပါအဝင် နိုင်ငံတစ်ဝန်းရှိ လူမှုဝန်ဆောင်မှုများတွင် ပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်သော်လည်း တရားမဝင် ဝင်ရောက်စီးနင်း ပိတ်သိမ်းခြင်းခံခဲ့ရသည်ဟု ဆိုဖီကပြောသည်။

ဗာဂျီးနီးယားတွင် ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုဖွင့်လှစ်သည့် အသေးစားစီးပွားရေးလုပ်ငန်းပိုင်ရှင် မက်ခ်ရီက ဆန္ဒပြပွဲတွင် ဆိုဖီနှင့်ပူးပေါင်းခဲ့သည်။ သမ္မတ ထရမ့်သည် ၎င်း၏မဲဆွယ်ကာလတွင် ဈေးနှုန်းများလျှော့ချမည်ဟု ကတိပြုခဲ့သော်လည်း ဆန့်ကျင်ဘက်သာ လုပ်ဆောင်နေသည်ဟု ပြောကြားခဲ့သည်။ လက်ရှိကျင့်သုံးနေသော အကောက်ခွန်မူဝါဒများသည် ကနေဒါမှတင်သွင်းသော သစ်ခွဲသားများနှင့် ရုံးသုံးပစ္စည်းများ၏ ဈေးနှုန်းများအပါအဝင် ၎င်းကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှုကုန်ကျစရိတ်ကို မြင့်တက်လာစေခဲ့ကြောင်း ၎င်းကဆိုသည်။

ဆန္ဒပြသူများသည် ဒီမိုကရေစီစနစ် အားနည်းလာမှုနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အကျပ်အတည်းတို့ကို အထူးစိုးရိမ်နေကြသည်။ "တရားစီရင်ရေးလုပ်ထုံးလုပ်နည်း"၊ "ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အကျပ်အတည်း" နှင့် "ဒီမိုကရေစီကို ပြန်လည်ထူထောင်ရန်" စသည့် အဓိကစကားလုံးများပါရှိသော ဆိုင်းဘုတ်များစွာက အမေရိကန်ပြည်သူများ၏ ဒီမိုကရေစီနှင့် ဥပဒေစိုးမိုးရေး အခြေအနေဆိုင်ရာ နက်ရှိုင်းသော စိုးရိမ်မှုများကို ထင်ဟပ်နေသည်။

ထရမ့် သမ္မတ ရာထူးရရှိလာပြီး သုံးလခန့်အကြာ ၎င်း၏အစိုးရအဖွဲ့မူဝါဒများကို ဆန့်ကျင်ကန့်ကွက်မှုများသည် အမေရိကန်တစ်ဝန်းတွင် မကြာခဏဖြစ်ပွားခဲ့သည်။ ဧပြီ ၅ ရက်ကစ၍ နိုင်ငံတစ်ဝန်း ဆန္ဒပြပွဲပေါင်း ၁၀၀၀ ကျော် ဖြစ်ပွားခဲ့ပြီး ပြည်နယ် ၅၀ လုံး ပါဝင်ခဲ့သည်။ **ကိုးကား - ဆင်ဟွာ**

# မြေငလျင်လှုပ်ပြီးနောက် ဖြစ်ပေါ်လာနိုင်သည့် မြေဆီလွှာပြဿနာနှင့် ဖြေရှင်းနည်းများ

**မြန်မာနိုင်ငံ၌ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က မန္တလေး၊ စစ်ကိုင်း၊ နေပြည်တော်ဒေသများတွင် လှုပ်ခတ်ခဲ့သော ငလျင်ကြီးအပြီး စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်မည့် တောင်သူဦးကြီးများအတွက် သတိထားရမည့် မြေဆီလွှာပြဿနာများကို အကြံပြုဆွေးနွေးလိုပါသည်။**

ဒေါက်တာမျိုးကြွယ်

ပထမဆုံး ၂၀၂၃ ခုနှစ်တွင် ကျရောက်ခဲ့သော ကမ္ဘာ့သဘာဝဘေးဒဏ်များကို အမျိုးအစားခွဲကြည့်ရာ -

| အမျိုးအစား | အကြိမ်ရေ | ရာခိုင်နှုန်း |
|---|---|---|
| ရေကြီးမှု | ၁၆၄ | ၃၃ |
| မုန်တိုင်းများ | ၁၃၉ | ၂၈ |
| မြေငလျင် | ၃၂ | ၆ |
| မြေပြိုမှု | ၂၄ | ၅ |
| တောမီးလောင်မှု | ၁၆ | ၃ |
| မိုးခေါင်မှု | ၁၀ | ၂ |
| အပူပြင်းထန်မှု | ၁၀ | ၂ |
| မီးတောင်ပေါက်မှု | ၄ | ၁ |
| အခြား | ~ | ၂၀ |




ပုံ - ၁ မြေငလျင်ကြောင့် မြေဆီလွှာ အနှစ်ရေများဖြစ်ပေါ်လာပုံနှင့် အမြစ်နက်အပင်များ ပြန်လည်စိုက်ပျိုးပေးခြင်း။

ကမ္ဘာ့ဘဏ်၏အကြံပြုချက်များအရ သဘာဝဘေးဒဏ်ခံရမှုကို ပထမအချက်အလက်များနှင့် ခွဲခြမ်းစိတ်ဖြာပြီး ဆောင်ရွက်နိုင်ပါသည်။

**(က) ဘေးအန္တရာယ်ကို ခွဲခြမ်းစိတ်ဖြာခြင်း (Risk Identification)**

ဖွံ့ဖြိုးဆဲနိုင်ငံများသည် သဘာဝဘေးအန္တရာယ်ကြောင့်နှစ်စဉ် ငွေကြေးဘီလီယံချီ ကုန်ကျနေရပါသည်။ အထူးသဖြင့် အားနည်းသောအခြေခံအဆောက်အအုံ (Weak Infrastructure)၊ ဝင်ငွေနည်းပါးမှု (Low Income)စသည်တို့ကြောင့် နာလန်ပြန်ထူလာမှုနှေးကွေးပါသည်။ မမျှော်မှန်းနိုင်သော စီးပွားရေးဆုံးရှုံးမှုဆိုင်ရာ အကျိုးဆက် (Unrecorded secondary impact)၊ ဥပမာ - အလုပ်အကိုင်ဆုံးရှုံးမှု (Job Loss)၊ ထုတ်လုပ်မှု အရှိန်ပြတ်တောက်သွားမှု (Production disruption)၊ အသေးစား စီးပွားရေးလုပ်ငန်းများ မတည်ငြိမ်မှု (Macroeconomic instability) တို့ကြောင့် တိကျစွာ ခန့်မှန်းနိုင်မှု (Underestimated) အားနည်းနိုင်ပါသည်။

**(ခ) ဘေးအန္တရာယ်လျှော့ချနိုင်မှု (Risk Reduction)**

နိုင်ငံ၏စီးပွားရေးနှင့်အတူ အခြေခံအဆောက်အအုံ(Good Infrastructure) ကောင်းမွန်စွာ စနစ်တကျ ဆောက်လုပ်နိုင်မှု၊ သဘာဝဘေးအန္တရာယ်ကျရောက်ရာ နယ်ပယ်နှင့် အမျိုးသမီးနှင့်ကလေးများ ပါဝင်ခွင့်အားပေးမှုတို့ကို ဦးစားပေးဆောင်ရွက်သင့်ပါသည်။

**(ဂ) ဘေးအန္တရာယ်ဆိုင်ရာ ငွေကြေးထောက်ပံ့၊ လွှဲပြောင်းမှုကဏ္ဍ**

အာမခံထားနိုင်သော ကဏ္ဍများ၊ ဈေးကွက်များ (Promoting Insurance Markets) ဖြစ်ပေါ်လာစေရန် ဆောင်ရွက်ပေးရပါမည်။ ပြန်လည်ထူထောင်မှုရန်ပုံငွေနည်းပါးသက်သာစေရန် အစိုးရ - ပုဂ္ဂလိက ပူးတွဲလုပ်ဆောင်မှုကို အားပေးရပါမည်။

## မြေငလျင်လှုပ်ပြီး လယ်၊ ယာမြေများတွင် ဖြစ်ပေါ်နိုင်သော ပြဿနာများ

**(က) မြေဆီလွှာများအရည်ဖြစ်ပေါ်လာခြင်း (Soil Liquefaction)**

မြေဆီလွှာလှုပ်မှုကြောင့် မြေသားခိုင်ခံ့မှု လျော့သွားကာ မြေဆီလွှာမာကြောမှု မရှိတော့ဘဲ စပါးမြေတမန်းကဲ့သို့ အနှစ်ရေများစွာ ဖြစ်ပေါ်လာနိုင်ပါသည်။ မြေပျော့နေ၍ အပင်၏ အမြစ်များ မြေကြီးကို ကြာရှည်စွာ ကုပ်တွယ်မထားနိုင်ပါ၊ အထူးသဖြင့် သရက်၊ ငှက်ပျော စသည့် နှစ်ရှည်အပင်တချို့ ညှိုးပြီး သေသွားနိုင်ပါသည်၊ စက်ကိရိယာများ ဝင်ရောက်မှုမှာလည်း မြေပျော့နေ၍ ခက်ခဲနိုင်ပါသည်။

**ဖြေရှင်းချက် - ဖြစ်နိုင်ပါက မြေဆီလွှာအတွင်း ရေထုတ်စနစ် (Sub-surface drainage systems) ကို ပြုလုပ်ပြီး အနှစ်ရည်များ စုပ်ထုတ်ပစ်ပါ၊ မြေဆီလွှာအရည်များကို စုပ်ထုတ်၍ မြေမာများ ပြောင်းလဲဖြည့်ပေးပါ။ အမြစ်နက်နက်ဆင်းသော မြက်၊ ပဲများကို အစားထိုးစိုက်၍ ရေရှည်မြေကြီး ခိုင်မာအောင် ပြန်လည်လုပ်ဆောင်ရပါမည်။**

**(ခ) မြေဆီလွှာ ကျစ်လျစ်သွားခြင်း (Soil Compaction)**

မြေဆီလွှာတုန်ခါမှုကြောင့် မြေဆီလွှာ ကျစ်လျစ်၊ မာကျောသွားမှုလည်း ဖြစ်နိုင်ပါသည်။ ထို့ကြောင့် မြေဆီလွှာအတွင်း လေနှင့် ရေဝင်ရောက်မှု လျော့နည်းကာ အမြစ်ကြီးထွားမှုထိခိုက်ပြီး အထွက်လျော့နည်းသွားနိုင်ပါသည်။

**ဖြေရှင်းချက် - ဖြစ်နိုင်ပါက မြေဆီလွှာအတွင်း ဆောက်ပုံခြားသွားပါထယ် (Chisel Plow)၊ နက်နက်ထိုးသောထယ် (Sub-soiler) ပါရှိသည့် ထွန်စက်များဖြင့် မြေဖွပေးရပါမည်။ စက်မှုလယ်ယာဦးစီးဌာနကိုမေးမြန်းနိုင်ပါသည်။ မြေဆွေးနှင့် နွားချေးဆွေးများစွာ ထည့်ပေးပါ၊**

**(ဂ) အပေါ်ယံမြေဆီလွှာကောင်းများ ပြုန်းတီးသွားခြင်း (Top Soil Erosion)**

အပေါ်ယံမြေဆီလွှာကောင်းများ (Fertile Top Soils) အထူးသဖြင့်တောင်ကုန်း၊ တောင်စောင်းများ၌ တိုက်စားခြင်းခံရကာ အဝေးသို့ တိုက်စား၊ မျောပါသွားနိုင်ပါသည်။ အပင်များအတွက် လိုအပ်သော အာဟာရဓာတ်များ၊ အော်ဂဲနစ်ပစ္စည်းများ (Loss of essential nutrients and organic matters) ဆုံးရှုံးသွားသဖြင့် လိုအပ်သော အာဟာရဓာတ်များကို ပြန်လည်ဖြည့်တင်းပေးရပါမည်။

**ဖြေရှင်းချက် - ဖြစ်နိုင်ပါက မြေဆီကောင်းသော အပေါ်ယံမြေ (Fertile Top Soils) များ တခြားနေရာမှသယ်ယူဖြည့်တင်းပေးရပါမည်။ တောင်စောင်းဒေသများ မြေအနိမ့် အမြင့်လိုက် လိုက်လျောညီထွေရှိနိုင်မည့် ကွန်တိုစိုက်ပျိုးနည်းစနစ် (Countour Farming) ကို ကျင့်သုံးပေးရပါမည်။**

**(ဃ) မြေဆီလွှာအတွင်း အပင်အတွက် အဆိပ်အတောက်ဖြစ်စေမည့် ဓာတ်ပစ္စည်းများ ပိုမိုရောက်ရှိလာခြင်း (Soil Contamination)**

မြေငလျင်ကြောင့် ရေဆိုးထုတ်ပိုက်များ၊ စက်သုံးဆီကန်များ၊ ဓာတုပစ္စည်းသိုလှောင်ရာနေရာများပျက်စီးကာ မြေဆီလွှာအတွင်း ပျော်ဝင်ရောက်ရှိနိုင်သဖြင့် စိုက်ပျိုးပင်များအတွက် အဆိပ်အတောက် ဖြစ်စေနိုင်ပါသည်။

**ဖြေရှင်းချက် - ဖြစ်နိုင်ပါက မြေကြီးအတွင်း အပင်အဆိပ်အတောက်ဖြစ်စေသော ဓာတ်သတ္တုများပါဝင်နေမှုရှိမရှိ တိုင်းဒေသကြီးများရှိ မြေဆီလွှာဓာတ်ခွဲခန်းများ (Soil Laboratories) တွင် စစ်ဆေးပါ၊**

**(င) မြေဆီလွှာများကွဲအက်ပြီး မြေဆီလွှာ မညီညာမှုဖြစ်စေခြင်း(Cracked and Uneven Soil Surface)**

မြေဆီလွှာ နိမ့်မြင့်ညီညာမှုမရှိတော့ဘဲ ကွဲအက်ကုန်တတ်ပါသည်။ ရေသွင်းရန်ခက်ခဲ၍ ထွန်စက်များ ဝင်ရောက်မှု ခက်ခဲစေနိုင်ပါသည်၊

**ဖြေရှင်းချက် - ဖြစ်နိုင်ပါက စက် သို့မဟုတ် တိရစ္ဆာန်ဆွဲမြေညှိကိရိယာများ (Levelers) ဖြင့် မြေညှိပေးပါ၊ သစ်စိမ်းမြေဩဇာများ (Green manures) စိုက်ပေးပါ၊ ဥပမာ - ပိုက်ဆံလျှော်၊ ညံပင်**

**(စ) မြေဆီလွှာအတွင်း အဏုဇီဝပိုးများ ဘဝစက်ဝန်း ထိခိုက်ခြင်း (Disrupted Soil Microbial Life)**

အထက်ပါဖြစ်စဉ်များကြောင့် အကျိုးပြု အဏုဇီဝများ (Beneficial microorganisms) ဘဝစက်ဝန်း၊ အပင်အကျိုးပြုမှု ဖြစ်စဉ်နှေးကွေး၊ ပျက်စီးကုန်ပါသည်။

**ဖြေရှင်းချက် - ဖြစ်နိုင်ပါက ဇီဝမြေဩဇာများ (Biofertilizers) ပြန်လည်ထည့်သွင်းပေးပါ၊**

**(ဆ) ရေထုတ်မှုအခက်အခဲများ ဖြစ်ပေါ်နိုင်ခြင်း (Drainage Problems)**

မြေဆီလွှာ မညီညာမှုကြောင့် ရေထုတ်ရန်အခက်အခဲဖြစ်ကာ ရေဝပ်အပင်များ ပုပ်သေသွားနိုင်ပါသည်။

**ဖြေရှင်းချက် - ဖြစ်နိုင်ပါက အပင်များကို ပေါင်တင်၍ စိုက်ပျိုးပါ၊ စက်ကိရိယာများသုံး၍ ရေထုတ်နိုင်ရန် ကြိုးစားပါ။**

စိုက်ပျိုးရေးဆိုင်ရာ အကြံပြုချက်များ ဆက်လက်ရေးသားပါဦးမည်။ ။

**မှီငြမ်းစာအုပ် (Reference Book) နှင့် စာတမ်း (Reference Paper)**

- World Bank (2020) Learning from Experience: Insights from China's Progress in Disaster Risk Management. 42p.
- FAO (2023) The Impact of Disaster on Agriculture and Food Security. 168p.



ပုံ - ၂ မြေငလျင်ကြောင့် မြေမညီခြင်းကို ပြန်ညှိပေးခြင်း။



ပုံ - ၃ မြေငလျင်ကြောင့် ရေဝပ်နေမှုမှ ရေထုတ်ပေးခြင်း။

# မြို့တော်ဝန် ဦးဗိုလ်ဌေး ဂျိုးဖြူရေလှောင်ကန် ရေသိုလှောင်ဖြန့်ဖြူးမှုအခြေအနေ ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးနှင့်အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းက တိုက်ကြီးမြို့နယ်ရှိ ဂျိုးဖြူရေလှောင်ကန်သို့ သွားရောက်စစ်ဆေးရာ တာဝန်ရှိသူများက ကန်၏လက်ရှိရေအနက်ပေ၊ ရေသိုလှောင်ထားမှုပမာဏ၊ ရန်ကုန်မြို့သို့ရေဖြန့်ဝေပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး မြို့တော်ဝန်က တမံများ၊ ရေစုကန်များ၊ ရေစစ်ကန်များ၏ အခြေအနေနှင့် ရေသန့်စင်ပေးမှုလုပ်ငန်းများကို လိုက်လံစစ်ဆေး၍ ရေလှောင်ကန်များ ကြံ့ခိုင်ရေးနှင့်လုံခြုံရေး၊ ရာသီဥတုကြောင့်ရေပမာဏ ကျဆင်းလာမှုများကို စနစ်တကျ မှတ်တမ်းပြုစု၍ ရေပြတ်တောက်မှုမရှိအောင် စီမံဆောင်ရွက်ရေးတို့အတွက် လိုအပ်သည်များ မှာကြားသည်။

**ရေဂါလန် ၂၇ သန်း ဖြန့်ဖြူးလျက်ရှိ**

အဆိုပါ ဂျိုးဖြူရေလှောင်ကန်သည် ၁၉၃၇ ခုနှစ်မှ စတင်တည်ဆောက်ခဲ့ပြီး ၁၉၄၀ ပြည့်နှစ်တွင် ပြီးစီးခဲ့ရာ ကန်ရေစုဆောင်းဧရိယာ ၁၂ ဒသမ ၉ စတုရန်းမိုင်၊ ကန်ရေပြင်ဧရိယာ ၂ ဒသမ ၈ စတုရန်းမိုင်၊ ရေသိုလှောင်မှုပမာဏ ဂါလန်သန်း ၁၆၆၀၀၊ အသုံးပြုနိုင်သည့် ရေပမာဏ ဂါလန်သန်း ၈၄၀၀ ရှိပြီး တစ်နေ့လျှင် ရေဂါလန် ၂၇ သန်း ဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)





# သာယာဝတီမြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်း တစ်ဧက ၁၃၅ တင်း ထွက်ရှိ

**သာယာဝတီ မေ ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သင်တောရိုးအုပ်စု ကွင်းအမှတ် ၁၂၅၀၊ ဦးပိုင်အမှတ် ၅၃/၂ ရှိ ဒေါ်ကြူကြူဝင်း၏ နွေစပါးဆင်းသုခ စပါးမျိုး ၁၀ ဧက စိုက်ခင်းတွင် မေ ၂၁ ရက်က နွေစပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခဲ့သည်။

နွေစပါး စံကွက်ရိတ်သိမ်းရာနေရာသို့ ခရိုင်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဆန်းဟိုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ သင်တောရိုးကျေးရွာရှိ တောင်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သန့်ဇော်(ပြန်/ဆက်)

# ဝါးခယ်မမြို့နယ် ဌာနဆိုင်ရာများက ဦးကြီးတော်ကျေးရွာအုပ်စု ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ဝါးခယ်မ မေ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ဦးကြီးတော်ကျေးရွာ ဦးရန်ဝေးဓမ္မာရုံ၌ ယနေ့ နံနက်ပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဒေသခံများနှင့် တွေ့ဆုံပြီး နယ်မြေဒေသလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ (ယာပုံ)

ယင်းသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် တာဝန်ရှိသူများက ပြည်သူများအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နယ်မြေဒေသ အေးချမ်းသာယာရေး၊ ပြည်သူ့စစ်မှုထမ်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးဆိုင်ရာများ၊ မှုခင်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာများ၊ မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်ရေး၊ သီးနှံများ အထွက်နှုန်း ကောင်းမွန်စေရန် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ကြဲပက်ရေး၊ ကျောင်းနေအရွယ် ကလေးငယ်များ ရာနှုန်းပြည့် ကျောင်းအပ်နှံရေး၊ နိုင်ငံသားစိစစ်ရေးကတ် ရှိသူတိုင်း e-ID Card ဆောင်ရွက်နိုင်စေရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေးရှင်းလင်းဆွေးနွေးသည်။



ထို့နောက် တက်ရောက်လာသည့် ဦးကြီးတော်ကျေးရွာ၊ ထော်ကန္တတ်ကျေးရွာ၊ တောင်အူချောင်းဖျားကျေးရွာတို့ရှိ ဒေသခံပြည်သူများက သိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြေ့ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# လပွတ္တာမြို့နယ်အတွင်း မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများဆောင်ရွက်



**လပွတ္တာ မေ ၂၁**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ မီးဘေးလုံခြုံရေး စစ်ဆေးခြင်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစိမ်းကိုကိုနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ လပွတ္တာမြို့နယ်အတွင်းရှိ တည်းခိုခန်းများ မီးဘေးလုံခြုံမှုရှိစေရန်အတွက် မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေး စစ်ဆေးထောက်ခံချက် ရရှိရေး ဆောင်ရွက်သွားရန်၊ မီးချိတ်မီးကပ်များ၊ မီးသတ်ဆေးဘူးများ စနစ်တကျထားရှိစေရေး၊ မီးလောင်မှု၊ မီးလန့်မှုများဖြစ်ပွားလာပါက အမြန်ဆုံးငြိမ်းသတ်နိုင်ရေး အပေ့ါစားမီးသတ်စက်၊ အရေးပေါ်ထွက်ပေါက်လှေကားများထားရှိစေရေး၊ လျှပ်စစ်မီးကြိုးများ၊ ဝိုင်ယာကြိုးများ စနစ်တကျထားရှိမှုများကို ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဟိန်းထက်လင်း(လပွတ္တာ)

ကမ္ဘာ့အပူချိန် လျှော့ချဖို့
အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ
ဆက်လက်ဆောင်ရွက်စို့

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

သတိပြုရမည့်အပူဒဏ်အန္တရာယ်များ

(က) အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)
- ဂနာမငြိမ်ခြင်း၊
- ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊
- တစ်ကိုယ်လုံး နုံးချိပျော့ခွေခြင်းနှင့် ကြွက်တက်ခြင်း၊
- ချွေးအလွန်အကျွံထွက်ခြင်းကြောင့် ခန္ဓာကိုယ်အရေပြားအေး၍စိုစွတ်ခြင်း၊
- ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း။

(ခ) အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke)
- ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်လာခြင်း၊
- အရေပြားပူ၍ခြောက်သွေ့ခြင်း (သို့မဟုတ်) ချွေးခန်းခြောက်ခြင်း၊
- ကယောင်ကတမ်းဖြစ်ခြင်း၊
- သတိလစ်ခြင်း၊ တက်ခြင်း။

အပူဒဏ်အန္တရာယ်ကျရောက်သည့်လူနာကို အရေးပေါ်ရှေးဦးပြုစုခြင်း
- လူနာကို အရိပ်ရပြီးအေးမြသော နေရာသို့ရွှေ့ထားပါ၊
- လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊
- လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊
- လူနာ၏ အဝတ်အစားများကို ချွတ်ပါ၊
- လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဘက်၊ ပေါင်ခြံနှစ်ဘက်တို့ကို ရေပတ်တိုက်ပါ၊
- လူနာကောင်းစွာသတိရနေပါက ရေအေးအေး(သို့) ဓာတ်ဆားရည်တိုက်ပါ။

အပူဒဏ်ကြောင့် သတိလစ်ခြင်းဖြစ်ပွားမည့်လက္ခဏာများ ပေါ်ပေါက်ပါက အသက် အန္တရာယ်ထိခိုက်နိုင်သည်။ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်း ပို့ဆောင်ပါ။

(မတ်လ၊ ၂၀၂၅)

## လျှင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးမှုများကို တရုတ်မြေငလျင်ပညာရှင်များ ကွင်းဆင်းလေ့လာ

**တောင်ငူ မေ ၂၁**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်း၌ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် မြေငလျင်ကြီးကြောင့် တောင်ငူခရိုင်အတွင်းရှိ ပြိုကျပျက်စီးမှုများကို စိစစ်လေ့လာရန်အတွက် တရုတ်မြေငလျင်ပညာရှင် Dr. Sun Baitao ဦးဆောင်သောအဖွဲ့နှင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်လင်းတို့သည် မေ ၂၀ ရက်က ကွင်းဆင်းလေ့လာသည်။ **(အောက်ပုံ)**



ထိုသို့ လေ့လာစစ်ဆေးရာတွင် တရုတ်မြေငလျင်ပညာရှင်များနှင့် တာဝန်ရှိသူများသည် (၂၃) ရပ်ကွက် မိုးကောင်းချောင်း မရှင်စောဘုရားကြီး၊ ကုန်သည်ကြီးလမ်းနှင့် ဗိုလ်မှူးဖိုးကွန်းလမ်းထောင့် လူနေအဆောက်အအုံ ပြိုကျပျက်စီးခဲ့မှု၊ လူထိခိုက်သေဆုံးခဲ့သည့် ဝေဠုဝန်စာသင်တိုက် ဘုန်းတော်ကြီးကျောင်းရှိ သိမ်တော်ပြိုကျပျက်စီးမှုနှင့် အမှတ် (၁၁)ရပ်ကွက်ရှိ ကန်တော်ဗလီ ပြိုကျပျက်စီးမှု၊ တောင်ငူတက္ကသိုလ်ရှိ အဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ ပျက်စီးခဲ့မှုတို့ကို လိုက်လံကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

ဇော်ကိုကို (တောင်ငူ)

## ကလောမြို့နယ်အတွင်းရှိ ကျေးရွာ ၂၃ ရွာ၌ VDP စီမံကိန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**ကလော မေ ၂၁**
ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာ ၂၃ရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ခွင့်ပြုရန်ပုံငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်အတွင်းရှိ ကျေးရွာ ၂၃ ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ကျေးလက်ရေရရှိရေးအတွက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ခြောက်ခု၊ ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်းတစ်ခု ၊ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းငါးခု၊ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း နှစ်ခု၊ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှစ်ခု၊ တွင်းနက်တူးဖော်ခြင်း လုပ်ငန်းနှစ်ခုနှင့် ကုန်ထုတ်လမ်းပြုပြင်ခြင်းလုပ်ငန်းတစ်ခု အပါအဝင် စုစုပေါင်း ဖွံ့ဖြိုးရေးလုပ်ငန်းခွဲပေါင်း ၂၀ ကို ကျေးရွာတစ်ရွာလျှင် စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့်ကျေးရွာပြည်သူထည့်ဝင်ငွေများကို အသုံးပြုပြီး ၂၀၂၄ ခုနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။

အဆိုပါကျေးရွာ ၂၃ ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကြောင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကိုကိုနိုင်နှင့် စီမံကိန်းတာဝန်ခံတို့က ကျေးရွာသူ ကျေးရွာသားများထံ လုပ်ငန်းလွှဲပြောင်း မှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်ခိုင်





## စစ်ကိုင်းမြို့ရှိ သီလရှင်စာသင်တိုက် ခြောက်တိုက်သို့ အလှူငွေ၊ ဆန်နှင့် စားသောက်ဖွယ်များ လှူဒါန်း

**မုံရွာ မေ ၂၁**
စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ရှိ သီလရှင်စာသင်တိုက်နှင့် သီလရှင်ကျောင်းတိုက် ခြောက်တိုက်သို့ ယမန်နေ့နံနက်ပိုင်းက အလှူငွေ၊ ဆန်နှင့် စားသောက်ဖွယ်များ လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီသီစိုးနှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့ သီလရှင်စာသင်တိုက်နှင့် သီလရှင်ကျောင်း ခြောက်ကျောင်းအတွက် သီလရှင်စာသင်တိုက်နှစ်တိုက်အတွက် အပျက်အစီးများ ဖယ်ရှားရှင်းလင်းရန်လိုအပ်သည့် အလှူတော်ငွေကျပ်သုံးသိန်းစီနှင့် ကျန်သီလရှင်ကျောင်းလေးကျောင်းအတွက် ငွေကျပ်နှစ်သိန်းစီအပြင် ဆန်၊ ခေါက်ဆွဲခြောက်နှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ရေချွေတာရေး နည်းလမ်းများ

- ❊ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
- ❊ ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- ❊ အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- ❊ အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
- ❊ ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

## ၂၀၂၅ ခုနှစ် မေလ (တတိယ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**
ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**
ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**
ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၇၃ ဒီဂရီဖာရင်ဟိုက်မှ ၈၃ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၄ ဒီဂရီဖာရင်ဟိုက်မှ ၉၄ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ၉၅ ဒီဂရီဖာရင်ဟိုက်မှ ၁၀၅ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**
ချင်းပြည်နယ်တွင် ၄၅ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆၀ ဒီဂရီဖာရင်ဟိုက်မှ ၇၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**
နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း) တို့တွင် ၆၂ ရာခိုင်နှုန်းမှ ၇၃ ရာခိုင်နှုန်းအတွင်း၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ၇၄ ရာခိုင်နှုန်းမှ ၈၄ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**
ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်တောင်ပိုင်း) တို့တွင် ၃၄ မီလီမီတာမှ ၄၃ မီလီမီတာအတွင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ၄၄ မီလီမီတာမှ ၅၃ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတို့တွင် ၅၄ မီလီမီတာမှ ၆၃ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**
ရန်ကုန်တိုင်းဒေသကြီးတွင်(စိုစွတ်)အခြေအနေနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ခြောက်သွေ့) အခြေအနေ အသီးသီးရှိနိုင်သည်။

မိုး/ဇလ

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၂)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆို



**နေပြည်တော် ဧပြီ ၂၁**

ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၂) သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်ရာ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက် လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၂) သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား စားသောက်ဖွယ်ရာများ ပေးအပ်ပြီး သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါသင်တန်းသို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား လိုအပ်သည့် စုဖွဲ့ပြင်ဆင် မှုများနှင့် အုပ်ချုပ်မှုကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# စစ်ကိုင်းမြို့နယ်၌ မွေးမြူရေးငါးတန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

**စစ်ကိုင်း ဧပြီ ၂၁**

မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သော အင်အားပြင်း ငလျင်ကြောင့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အချို့တွင် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ အဆိုပါ ငလျင်ဒဏ်ခံစားခဲ့ရသည့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်အတွင်းရှိ ငလျင်ဒဏ်ခံစားခဲ့ရသည့် ပြည်သူများသို့ Global Earth Afro &Aqua Industry Public Co., ltd မှ မွေးမြူရေးငါးတန်များအား စစ်ကိုင်းခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများက ဈေးနှုန်းချိုသာစွာဖြင့် ယနေ့နံနက်ပိုင်းက ရောင်းချပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ငါးများရောင်းချရာတွင် စစ်ကိုင်းတောင်ခြေ၊ သောတာပန်ဈေးတွင် သောတာပန်ရပ်ကွက်၊ သရက်ပင်ဆိပ်ရပ်ကွက်၊ ထန်းတောရပ်ကွက်နှင့် သီလရှင်စာသင်ကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှလည်းကောင်း၊ ငါးလုပ်ငန်းသင်တန်းကျောင်းရှေ့တွင် ပါရမီရပ်ကွက်၊ ဇေယျာကွက်သစ်၊ အိုးဘိုရပ်ကွက်၊ နန်းဦးမြို့သစ်ရပ်ကွက်တို့မှ လည်းကောင်း၊ စစ်ကိုင်းမြို့ မြို့မဈေးတွင် မြို့ပေါ်ရပ်ကွက်များမှ လည်းကောင်း လာရောက်ဝယ်ယူကြပြီး စုစုပေါင်း ပိဿာချိန် ၆၀၀ ရောင်းချပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်အတွင်း ရေချိုငါးတန်များ သက်သာသောနှုန်းထားဖြင့် ရောင်းချပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၂၁**

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော မန္တလေး ငလျင်ကြီးကြောင့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အချို့တွင် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ အဆိုပါ ငလျင်ဒဏ်ခံစားခဲ့ရသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်း ဝန်ကြီးဌာနများရှိ ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများနှင့် ဘောဂသိဒ္ဓိရပ်ကွက်၊ ပညာသိဒ္ဓိရပ်ကွက်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ ညဏသိဒ္ဓိရပ်ကွက်၊ သုခသိဒ္ဓိရပ်ကွက်၊ ဓနသိဒ္ဓိရပ်ကွက်၊ ဗလသိဒ္ဓိရပ်ကွက်များနှင့် ရေဆင်းတက္ကသိုလ်နယ်မြေတို့တွင် နေထိုင်သော ဝန်ထမ်းမိသားစုများနှင့် ပြည်သူများသို့ ရေချိုငါးတန်ငါးများကို သက်သာသောနှုန်းထား တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ နှုန်းဖြင့် ယနေ့နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ငါးလုပ်ငန်းဦးစီးဌာန အရာထမ်း၊ အမှုထမ်းများက စုစုပေါင်း ငါးပိဿာချိန် ၅၇၄ ပိဿာရောင်းချပေးခဲ့သည်။

ဧပြီ ၂၂ ရက်တွင်လည်း ရေချိုငါးတန်ပိဿာချိန် ၆၀၀ အား သက်သာသော ဈေးနှုန်းဖြင့် ဆက်လက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# နေပြည်တော်အတွင်း ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ စသည့် ကုန်မျိုးစုံများအား သက်သာသောဈေးနှုန်းဖြင့် ၂၂ ရက်မြောက်နေ့အဖြစ် လှည့်လည်ရောင်းချပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၂၁**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိနှင့် ကုန်မျိုးစုံဈေးကားများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၂၂ ရက်မြောက်နေ့အဖြစ် ဈေးကားခုနစ်စီးဖြင့် လှည့်လည် ရောင်းချပေးကြောင်း သိရသည်။

မတ် ၃၀ ရက်မှ ဧပြီ ၂၁ ရက်အထိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော် ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာနဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံဝန်ထမ်း အိမ်ရာများ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ နေပြည်တော်ကောင်စီ ဝန်ထမ်းအိမ်ရာရှိ ဝန်ထမ်းများအား ဆန်ခြောက်ပြည်ဆံ့ (မနောသုခ–Export Quality) ၉၁၀၆ အိတ်၊ ဆန် ငါးပြည်ဆံ့ (ဖျာပုံပေါ်ဆန်း) ၂၀၈၃ အိတ်၊ ဆီပိဿာ ၂၂၉၇၀ ၊ ဆား ၂၅ ကျပ်သားပါအိတ် အထုပ် ၅၆၀၀၊ ကုလားပဲ ၂၀ ကျပ်သားပါအိတ် ၄၈၀၄ ထုပ်၊ ငါးပိ ၂၀ ကျပ်သားပါ ၁၀၆၄ ဘူး၊ ငါးခြောက် ၁၀ ကျပ်သားပါ ၃၄ ထုပ်၊ ကြက်ဥ၊ ဘဲဥများနှင့်၊ ခေါက်ဆွဲခြောက်ထုပ်များကိုလည်း ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက် ရောင်းချပေးသွားမည်ဖြစ်သည်။

အလားတူ မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ဆံ့ (မနောသုခ) ၄၆၁ အိတ်၊ စားအုန်းဆီ ပိဿာ ၃၇၄၀၀ ၊ ဆား ၂၅ ကျပ်သားပါ ၆၅ ထုပ်၊ ကုလားပဲ ၂၅ ကျပ်သားပါ ၅၅ ထုပ်၊ ငါးပိ ၂၅ ကျပ်သားပါ ၅၂ ဘူး၊ ငါးခြောက် ၁၀ ကျပ်သားပါ အထုပ် ၈၀၊ ကြက်ဥ ၈၈၆၈ လုံး၊ ဘဲဥ ၁၄၈၉ လုံး၊ ခေါက်ဆွဲခြောက်များကို ရောင်းချပေးခဲ့ကြောင်းနှင့် စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ဆံ့ (ရွှေဝါထွန်း)အိတ် ၂၆၀ ၊ စားအုန်းဆီ ပိဿာ ၃၇၄၀ ၊ ဆားပိဿာ ၂၀၊ ကုလားပဲ ၉၇ ဘူး၊ ငါးပိ ရှစ်ပိဿာ၊ ငါးခြောက်ရှစ်ပိဿာ၊ ကြက်သွန်နီ ၄၇၅ ပိဿာ၊ အသားတု ၁၆ ပိဿာ၊ ကြက်ဥ၊ ဘဲဥများနှင့် ပုစွန်ခြောက်များကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး ရေသန့်များကိုလည်း အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက် ရောင်းချပေးမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# မိုးရွာသွန်းခြင်းနှင့်လေပြင်းတိုက်ခတ်ခြင်း ဖြစ်ပေါ်နိုင်

**နေပြည်တော် ဧပြီ ၂၁**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ ရောဝတီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၁**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း၊ အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် စစ်ကိုင်းတပ်နယ်မှ တာဝန်ရှိသူများက ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ စီတီးရပ်ကွက် ရာဇာမဏိစူဠာကောင်းမှုတော်စေတီ၊ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အိုးဘိုရပ်ကွက်နှင့် ရွာထောင်ရပ်ကွက်နေရာများသို့သွားရောက်၍ အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် စစ်ကိုင်းတောင်ရိုးရှိ ငလျင်ဒဏ်သင့်ရဟန်းသံဃာတော်များ၊ သီလရှင်များနှင့် ယောဂီများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာဝန်ထမ်းများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ဘုရားကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံ လှူဒါန်းရာ ဆရာတော်ကြီးကိုယ်စား ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံက လက်ခံရယူသည်။ ထို့နောက် စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ ယာယီဆေးရုံ၌ မလေးရှားနိုင်ငံ ဆေးဘက်ဆိုင်ရာကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ခရိုင်တရားရုံး၊ ခရိုင်ဥပဒေရုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် ဝန်ထမ်းအိမ်ရာများသို့လည်းကောင်း၊ ရွာထောင်ရပ်ကွက်ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းသို့ လည်းကောင်း၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတော်သို့လည်းကောင်း သွားရောက်၍ အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများက ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ Sky Villa နေရာ၊ ချမ်းအေးသာဇံမြို့နယ်ရှိ Golden City Hotel နေရာနှင့် တိုင်းသမဝါယမဦးစီးမှူးရုံးနေရာများသို့ သွားရောက်၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများက ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီး၊ အမရပူရမြို့နယ်ရှိ ဆင်ဖြူမယ်ကျောင်းတိုက်နှင့် ရွှေအိုးရရွှေဖားရကျောင်းတိုက်တို့သို့လည်းကောင်း၊ မဟာအောင်မြေမြို့နယ်ရှိ အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်းသို့ လည်းကောင်း သွားရောက်၍ ကျောင်းတိုက်ဆရာတော်များအား ဖူးမြော်ကာ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကျောက်သေတ္တာကြီး မူလအခြေအနေမှ တိမ်းစောင်းသွားမှုအခြေအနေ၊ လက်ရှိတည်ရှိနေမှုအခြေအနေများကို ဒရုန်းဖြင့် ရိုက်ကူးထားသော Video Clip များ၊ မှတ်တမ်းဓာတ်ပုံများကို အသေးစိတ်ကြည့်ရှုစစ်ဆေးစဉ်။



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် သီတဂူဆရာတော်ဘုရားကြီးထံ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများလှူဒါန်းရာ ဆရာတော်ကြီးကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ လက်ခံစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ကျောက်ဆည်မြို့ စုကြီးရပ်ကွက် ရွှေမုဋ္ဌောဘုရားဓမ္မာရုံ၌ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အတူ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်မြတ်နှင့် နည်းပညာရှင်များ၊ တာဝန်ရှိသူများဖြင့် အစည်းအဝေးပြုလုပ်ခဲ့ရာ ကျောက်သေတ္တာကြီး မူလအခြေအနေမှ တိမ်းစောင်းသွားမှုအခြေအနေ၊ လက်ရှိတည်ရှိနေမှုအခြေအနေများကို ဒရုန်းဖြင့် ရိုက်ကူးထားသော Video Clip များ၊ မှတ်တမ်းဓာတ်ပုံများကို အသေးစိတ်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆက်လက်ဆောင်ရွက်ရမည့်နည်းလမ်းများ ဆွေးနွေးဆောင်ရွက်ခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်မြို့မှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဂေါပကအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ကျောက်သေတ္တာစေတီ မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများ၊ အလှူငွေ ရရှိ ထိန်းသိမ်း၊ စီမံခန့်ခွဲရေးလုပ်ငန်းများ၊

*စာမျက်နှာ ၂၃ သို့*



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ မဟာမုနိဘုရားကြီးသို့ သွားရောက်၍ အပျက်အစီးများဖယ်ရှားရှင်းလင်းပြီး ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ Sky Villa အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ အမရပူရမြို့နယ် ဆင်ဖြူမယ်ကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံတို့ စစ်ကိုင်းမြို့ရှိ လူနေအဆောက်အအုံအပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၂၂ မှ*

ကျောက်ဆည်မြို့မဈေးကြီးသည် လတ်တလော ဖွင့်လှစ်နိုင်ခြင်းမရှိသေးသဖြင့် စည်ပင်သာယာရေး ပိုင်နယ်နိမိတ်ဖြစ်သော ဖောင်းရွာရပ်ကွက် ၂၀ ဒသမ ၅၆ မြေကွက်အကျယ်ရှိ ဖောင်းရွာကွင်း၌ ယာယီဈေး ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ရေး ကိစ္စရပ်များကို အသေးစိတ်ဆွေးနွေးဆောင်ရွက်ခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကူမဲမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း (လမ်းခွ) နှင့် အခြေခံပညာ အထက်တန်းကျောင်း (ကူမဲ) ကျောင်းများသို့ သွားရောက်စစ်ဆေးခဲ့ပြီး ယခုနှစ် ပညာသင်နှစ်တွင် စာသင်ကျောင်းများအလိုက် ကျောင်းအပ်လက်ခံမည့် ကျောင်းသား၊ ကျောင်းသူ ခန့်မှန်းအင်အားအတိုင်း စာသင်ဆောင်များ လုံလောက်မှုရှိစွာဖြင့် ပညာသင်ကြားနိုင်ရေးနှင့် ပျက်စီးသွားသော စာသင်ဆောင်များ အမြန်ပြုပြင်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြ၍ ညွှန်ကြားမှုခံယူသွားရန်၊ ပရိဘောဂပစ္စည်းများနှင့် စာသင်ခုံများ စနစ်တကျပြန်လည်ပြုပြင် ထိန်းသိမ်းသွားရန်၊ မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ကျောက်ဆည်ခရိုင်အတွင်းရှိ ထိခိုက်ပျက်စီးသွားသော စာသင်ကျောင်းများမှ အပျက်အစီးများကို မေ ၂၂ ရက်အပြီး ဖယ်ရှားရှင်းလင်းရေး ဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ မြစ်သားမြို့နယ် ကူမဲမြို့ရှိ ရွှေဘုံသာစေတီ၌ ပြိုကျပျက်စီးခဲ့သော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများအား သွားရောက်ကြည့်ရှုပြီး ပြန်လည်ပြုပြင်မွမ်းမံမည့်အစီအမံများကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးမြို့ ချမ်းအေးသာဇံမြို့နယ်ရှိ တိုင်းသမဝါယမဦးစီးမှူးရုံး အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကူမဲမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း (လမ်းခွ) ကို ကြည့်ရှုစစ်ဆေးစဉ်။

❑ *ကျော့ဖုံးမှ*

ယခုရာသီ မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ အား/ကာ သိပ္ပံအသင်းအပါအဝင် ရန်ကုန် ယူနိုက်တက်အသင်း၊ ရှေ့ဝတီအသင်း၊ မြဝတီအသင်း၊ ရှမ်းယူနိုက်တက်အသင်း၊ YREO အသင်း၊ သစ္စာအားမာန်အသင်း၊ Young Lionesses အသင်း နှင့် ရန်ကုန်ရှိုင်ရယ်အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

ပွဲစဉ် (၁) အဖြစ် မေ ၂၂ ရက်တွင် YUSC ကွင်း၌ ရန်ကုန် ယူနိုက်တက်အသင်းနှင့် အား/ကာ သိပ္ပံအသင်း၊ ပဒုမ္မာကွင်း၌ ရှမ်းယူနိုက်တက် အသင်းနှင့် ရှေ့ဝတီအသင်း၊ မေ ၂၃ ရက်တွင် သုဝဏ္ဏလေ့ကျင့်ရေး ကွင်း – ၁ ၌ မြဝတီအသင်းနှင့် YREO အသင်း၊ ပဒုမ္မာကွင်း၌ သစ္စာအားမာန်အသင်းနှင့် Young Lionesses အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပထမအကျော့ ပွဲစဉ်များကို မေ ၂၂ ရက်မှ စက်တင်ဘာ ၃၀ ရက်၊ ဒုတိယအကျော့ပွဲစဉ်များကို အောက်တိုဘာ ၄ ရက်မှ ဇန်နဝါရီ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ခုနစ်ကြိမ်မြောက် ကျင်းပသည့် ပြိုင်ပွဲလည်းဖြစ်သည်။

ကျင်းပ ပြီးစီးခဲ့သည့် ခြောက်ကြိမ်တွင် မြဝတီအသင်းနှင့် အား/ကာသိပ္ပံ အသင်းက သုံးကြိမ်စီ ဗိုလ်စွဲထားသည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ–MWL**

❍ *ကျော့ဖုံးမှ*

ဘီလ်ဘာအို အသင်းသည် ရီးရဲမက်ဒရစ်အသင်း၏ တရပ်စပ် ထိုးဖောက်တိုက်စစ်ဆင်မှုများကို ပွဲချိန်တစ်လျှောက် အကောင်းဆုံး တုံ့ပြန် ကစားနိုင်ခဲ့သော်လည်း ပွဲချိန်ပြည့်ခါနီးတွင် ခွင့်ပြုပေးခဲ့ရသော ဗယ်လ်ဗာဒီ၏ သွင်းဂိုးကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ ဗယ်လ်ဗာဒီ၏ အဆိုပါ သွင်းဂိုးသည် ယခုနှစ်ရာသီ ၎င်း၏ လာလီဂါ ခြောက်ဂိုးမြောက်ကို သွင်းယူနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ပုံမှန်ခြေစွမ်း ပြသနိုင်ခြင်း မရှိသည့် ဘီလ်ဘာအိုအသင်းသည် ဂိုးပေါက်ကန်သွင်းမှု သုံးကြိမ်သာ ပြုလုပ်နိုင်ခဲ့ပြီး ရီးရဲမက်ဒရစ် အသင်းက ဂိုးပေါက်ကန်သွင်းမှု ၂၂ ကြိမ်အထိ ပြုလုပ်နိုင်ခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းသည် လာလီဂါ ပွဲစဉ် (၃၂) ယှဉ်ပြိုင်ကစားအပြီး တွင် ရမှတ် ၆၉ မှတ်ဖြင့် ဒုတိယ နေရာမှ ထက်ကြပ်မကွာ ဖိအား ပေးလျက်ရှိသည်။ **အောင်ဇော်**

## မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူချိန် ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ် ကြိုတင်ကာကွယ်နိုင်ရေး အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

(၁) တိရစ္ဆာန်ကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာ များ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှု နည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသောတိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်း ရန်နှင့် လေလွင့်ဆုံးရှုံးမှု မရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစာအစားများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သောနေရာ များ စီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွား ကျရောက်စေခြင်း မရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသော ခြံနှင့် အစာသိုလှောင်ထားသော နေရာများတွင် မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေး နှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# မန္တလေးဈေးချိုတော်နှင့် မန်းမြန်မာပလာဇာအား ကြံ့ခိုင်မှုစစ်ဆေးပြီးဖြစ်၍ ဈေးဆိုင်ခန်းများ စတင်ဖွင့်လှစ်

**မန္တလေး ဧပြီ ၂၁**

မန္တလေးအဆင့်မြင့် ဈေးချိုတော်နှင့် မန်းမြန်မာပလာဇာ အဆောက်အအုံတို့ ငလျင်ဒဏ်ခံခဲ့ရသဖြင့် ကြံ့ခိုင်မှု ရှိ မရှိ စစ်ဆေးခဲ့ရာ ကြံ့ခိုင်မှုရှိသောကြောင့် ဆိုင်ခန်းပိုင်ရှင်များအနေဖြင့် ဈေးဆိုင်ခန်းများ စတင်ဖွင့်လှစ်၍ မူလအတိုင်း ခင်းကျင်းရောင်းချနေပြီဖြစ်ကြောင်း ဈေးအကျိုးတော်ဆောင်ဥက္ကဋ္ဌများက ပြောသည်။

"ဒီနေ့ကစပြီး ပုံမှန်ဈေးဖွင့်ချိန် ပိတ်ချိန် အတိုင်း ဈေးချိုတော်ကို ဒီနေ့ကစပြီးဖွင့်လှစ်ပါတယ်။ ဈေးချိုတော် ပင်မအဆောက်အအုံတွေနဲ့ အောက်ခြေ Underground တွေမှာ စတင်တည်ဆောက်ချိန် ကတည်းက ငလျင်ဒဏ်ခံနိုင်ရည်ရှိအောင် တည်ဆောက်ခဲ့တာဖြစ်တဲ့အတွက် ကြံ့ခိုင်လုံခြုံမှု စိတ်ချရတဲ့ အနေအထားဖြစ်ပါတယ်။ ဒါကြောင့် ဈေးဆိုင်ခန်းများ ဖွင့်လှစ်နိုင်ပြီလို့ ပြောချင်ပါတယ်" ဟု အဆင့်မြင့်ဈေးချိုတော်ဥက္ကဋ္ဌ ဦးမင်းမင်းက ပြောသည်။

မန္တလေးဈေးချိုတော်နှင့် မန်းမြန်မာပလာဇာ အဆောက်အအုံတို့ကို ဧပြီ ၄ ရက်နှင့် ၇ ရက်တို့တွင် ပြည်တွင်း ပြည်ပမှ ငလျင်ဒဏ်ကြံ့ခိုင်မှုစစ်ဆေးရေး အဖွဲ့များက လာရောက်စစ်ဆေးခဲ့ကြရာ တွေ့ရှိချက် အရ ကြံ့ခိုင်မှုရှိကြောင်းမှတ်ချက်ပေးသဖြင့် ပုံမှန် ဈေးဖွင့်ချိန်ဖြစ်သည့် နံနက် ၈ နာရီမှ ညနေ ၄နာရီခွဲ အထိ ဈေးဆိုင်ခန်းများ ဖွင့်လှစ်ခွင့်ပေးထားသည်။

"ကျွမ်းကျင်ပညာရှင်တွေ စစ်ဆေးပြီးတော့ အန္တရာယ်ကင်းရှင်းကြောင်း မှတ်ချက်ပေးပါတယ်။ ဒါကြောင့် ဧပြီ ၂၁ ရက်ကစပြီး ဈေးရောင်းခွင့်ပေးထား ပါတယ်။ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီကလည်း ဘေးအန္တရာယ်ကင်းရှင်းကြောင်း နဲ့ ပြန်လည်ဖွင့်လှစ်ခွင့်ပေးလို့ ဈေးဆိုင်တွေ အရင် အတိုင်း ဖွင့်လှစ်နေကြပါပြီ"ဟု မန်းမြန်မာ (ဈေးချို) ပလာဇာအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးစိုးလင်းက ပြောသည်။





မန္တလေးငလျင်ကြီးဒဏ်ကြောင့် အဆောက်အအုံ များပြိုလဲခြင်းနှင့် ပျက်စီးခြင်းများရှိခဲ့သဖြင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကြီးကြပ်မှုနှင့် အတူ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မှ ကွပ်ကဲရေးရုံးဖွင့်လှစ်ကာ အဆောက်အအုံများ ဖယ်ရှားရှင်းလင်းရေးအတွက် လူအင်အားအပြင် စက်ယန္တရားများဖြင့် ကူညီဆောင်ရွက်ပေးခြင်း၊ ငလျင်ဒဏ်သင့် အဆောက်အအုံများကို အင်ဂျင်နီယာ အဖွဲ့များနှင့် ကြံ့ခိုင်မှုစစ်ဆေးခြင်းတို့ ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။ **မောင်အေးချမ်း**

# ကျောင်းကုန်းမြို့၌ သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်)မျိုးစေ့ပေးအပ်

**ကျောင်းကုန်း ဧပြီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် တောင်သူ ဦးရန်ပြေ ကွင်းအမှတ် ၄၁၀ C၊ ဦးပိုင်အမှတ် (၁၇)၊ ဧရိယာ ၁၂ ဧက၌ သစ်စိမ်း မြေသြဇာ (ပိုက်ဆံလျှော်) မျိုးစေ့ ပေးအပ်ခြင်းနှင့် မျိုးစေ့ကြဲပက်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။



အခမ်းအနားသို့ ဧရာဝတီ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီး ဌာန ဒုတိယတိုင်းဦးစီးမှူး ဦးသိန်း အောင်သန်း၊ မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုဦး နှင့် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီ အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ် မြေစာရင်းဦးစီးဌာန ဝန်ထမ်းများ နှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မိုးစပါး စိုက်တောင်သူများ လက်ဝယ်သို့ သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်) မျိုးစေ့များပေးအပ်၍ တောင်သူ ဦးရန်ပြေ၏ လယ်မြေ ၁၂ ဧက အတွင်း မြေဆီလွှာဖွံ့ဖြိုးတိုးတက် စေရေး သစ်စိမ်းမြေသြဇာ(ပိုက်ဆံ လျှော်)မျိုးစေ့များ ကြဲပက်ခဲ့ကြ ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



# လှည်းကူးမြို့နယ်အတွင်း မီးဘေးအသိပညာပေးခြင်းနှင့် မီးဘေးစစ်ဆေးပေးခြင်းများဆောင်ရွက်

**ရန်ကုန် ဧပြီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ မေလ ၅ ရက်နေ့တွင် ကျရောက်မည့် (၇၉) နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆို သောအားဖြင့် ယနေ့နံနက်ပိုင်းမှစတင်၍ မီးဘေးလုံခြုံရေး အသိပညာ ပေးခြင်း၊ တစ်အိမ်တက်ဆင်း စစ်ဆေးပေးခြင်း၊ မီးသတိပေး ဆော်သြ ခြင်းများ လိုက်လံဆောင်ရွက်ပေးခဲ့သည်။

ဦးစွာ လှည်းကူးမြို့နယ် မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးဝဏ္ဏစိုး ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် များက မီးငြိမ်းသတ်ယာဉ်တစ်စီးဖြင့် မြို့နယ်အတွင်းရှိ မိဘပြည်သူများ အနေဖြင့် မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေး၊ မီးကို ပေါ့ဆစွာ အသုံးမပြု ကြစေရေး၊ မီးကိုစနစ်တကျ အသုံးပြုကြစေရန်၊ မီးဘေးကြောင့် ဖြစ်ပေါ် လာသော နောက်ဆက်တွဲဆိုးကျိုးများနှင့် ပျက်စီးဆုံးရှုံးမှု အခြေအနေ များနှင့်ပတ်သက်၍ အသိပညာပေးဆော်သြခြင်းများ၊ တစ်အိမ်တက် တစ်အိမ်ဆင်း မီးဘေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **လှည်းကူး(ပြန်/ဆက်)**

# (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မင်္ဂလာဒုံမြို့နယ်၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် ဧပြီ ၂၁**

(၇၉) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြု ကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်း ဒေသကြီး မင်္ဂလာဒုံမြို့နယ် ကေရာဇ်ရပ်ကွက် ရွှေဟောင်း သမိုင်းဝင် ဓမ္မသိဒ္ဓိကလိုင်ထော် စေတီ၌ ဧပြီ ၂၁ ရက်က ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းသန့်ရှင်းရေးကို ဆောင် ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီး မီးသတ် ဦးစီးမှူး၏ ညွှန်ကြားချက်အရ ခရိုင်မီးသတ်ဦးစီးမှူး၏ စီမံ ကြီးကြပ်မှုဖြင့် ရွှေဟောင်း သမိုင်းဝင် ဓမ္မသိဒ္ဓိကလိုင်ထော် စေတီမြတ်ကြီးအား ရေသပ္ပာယ် ခြင်းနှင့် စေတီတော်ကြီး ပရိဝုဏ် အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက် ခဲ့ကြပြီး ပြည်သူ့အကျိုးပြုလုပ်ငန်း များ ဆောင်ရွက်ရာနေရာသို့ မင်္ဂလာဒုံမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ် ရေးမှူး ဦးထူးကျော်၊ မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသန်းဦး၊ မင်္ဂလာဒုံမြို့နယ် မီးသတ်ဦးစီးမှူး ဦးမြင့်ခိုင်တို့ ဦးဆောင်၍ သန္ဓေနှင့် အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင် ဝန်ထမ်းများ၊ ရပ်မိ/ရပ်ဖများ၊ ဂေါပကအဖွဲ့ဝင်များ စုစုပေါင်း ၇၀ ခန့် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြတ်သူဇာ(မင်္ဂလာဒုံ)**

# သန်လျင်၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ရန်ကုန် ဧပြီ ၂၁**

၂၀၂၅ ခုနှစ် မေ ၅ ရက်တွင် ကျရောက်မည့် (၇၉)နှစ်မြောက် မီးသတ် တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧပြီ ၂၁ ရက်က သန်လျင်မြို့ရှိ မြို့မဈေးကြီး၌ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မျိုးဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဈေးဌာန တာဝန်ရှိသူများနှင့်အတူ မီးဘေးလုံခြုံရေးအတွက် ဆိုင်ခန်း များအား စစ်ဆေးခြင်း၊ ဈေးဆိုင်ရှင်များနှင့် ဈေးဝယ်လာပြည်သူများအား မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**



## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီး ရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေး ထိခိုက်နိုင်ခြင်း။

(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတု ပြောင်းလဲမှု ဖြစ်ပေါ်ခြင်း။

(ဂ) မြေဆီသြဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်း လျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝ ကို ထိခိုက်စေနိုင်ခြင်း။

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ကွမ်းခြံကုန်းမြို့နယ်နှင့် တွံတေးမြို့နယ်တို့ရှိ ဘိုးဘွားရိပ်သာများအား သွားရောက်ကြည့်ရှုကာ အလှူငွေများပေးအပ်

**ရန်ကုန် မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ကွမ်းခြံကုန်းမြို့နယ်နှင့် တွံတေးမြို့နယ်တို့ရှိ ဘိုးဘွားရိပ်သာများသို့ သွားရောက်ကြည့်ရှုအားပေးကာ အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကွမ်းခြံကုန်းမြို့နယ် ဒေးဒနေ့ာစံပြကျေးရွာ ဒေးဒနေ့ာ ဘိုးဘွားရိပ်သာသို့ ရောက်ရှိပြီး ဘိုးဘွားရိပ်သာရှိ အဘိုးသုံးဦးနှင့် အဘွား ၁၀ ဦး စုစုပေါင်း ၁၃ ဦးတို့အား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အလှူငွေများအား ဘိုးဘွားတစ်ဦးချင်းထံ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းပြီး ဘိုးဘွားများ၏ ထမင်းစားဆောင်ကို ကြည့်ရှုကာ ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးကော်မတီ၏ တာဝန်ရှိသူများထံ ဘိုးဘွားရိပ်သာအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် တွံတေးမြို့နယ် ရွှေဆံတော်ရပ်ကွက် မိဘဂုဏ်ဘိုးဘွားရိပ်သာသို့ ရောက်ရှိပြီး ဘိုးဘွားရိပ်သာရှိ အဘိုးကိုးဦးနှင့် အဘွား ၁၆ ဦး စုစုပေါင်း ၂၅ဦးတို့အား နှုတ်ဆက်အားပေးစကားပြောကြားကာ အလှူငွေများအား ဘိုးဘွားတစ်ဦးချင်းထံ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းပြီး ဘိုးဘွားများ၏ ဘုရားဝတ်ပြုဆောင်နှင့် ထမင်းစားဆောင်တို့ကို ကြည့်ရှုကာ ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးကော်မတီ၏ တာဝန်ရှိသူများထံ ဘိုးဘွားရိပ်သာအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အလှူငွေများ ပေးအပ်လှူဒါန်းပြီး ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးကော်မတီ၏ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





# နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း ဥတ္တရသီရိမြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများအား ကြည့်ရှု

**နေပြည်တော် မေ ၂၁**

နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းသည် ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်သိန်းနှင့် တာဝန်ရှိသူများနှင့်အတူ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးသွားသော သာသနိကအဆောက်အအုံများနှင့် အထူးကုဆေးရုံကြီးများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ဥတ္တရသီရိမြို့နယ် ဇဝနသိဒ္ဓိရပ်ကွက်ရှိ ဝဇီရာနန္ဒသုဘောဒါရုံ စာသင်တိုက်သို့ရောက်ရှိပြီး တိုက်အုပ်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ကျောင်းဝင်းအတွင်း ထိခိုက်ပျက်စီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် လောကသမန္တီ တောင်ခြေဥယျာဉ်ကျောင်းသို့ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ ကျောင်းထိခိုက်ပျက်စီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။ ထို့နောက် ခုတင်(၅၀၀) ကလေးအထူးကုဆေးရုံသို့ ရောက်ရှိပြီး ခုတင်(၅၀၀) အထူးကုဆေးရုံကြီးများဖြစ်သော သားဖွားမီးယပ်၊ ကလေး၊ အရိုးအကြော၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းနှင့် လည်ပင်းရောဂါဆေးရုံများ၏ ဆေးရုံအုပ်ကြီးများနှင့် တွေ့ဆုံကာ ဆေးရုံအတွင်း လျှပ်စစ်မီးရရှိရေးနှင့် လုံခြုံရေးလမ်းမီးများ အမြန်ဆုံးရရှိရေးအတွက် သက်ဆိုင်ရာ ဆေးရုံအုပ်ကြီးများနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာအဖွဲ့တို့အား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ဆေးရုံတွင် တာဝန်ထမ်းဆောင်နေသော ဆရာဝန်/သူနာပြုဝန်ထမ်းများအား ဆန်၊ ဆီ၊ ကြက်အူချောင်း၊ ငါးသေတ္တာနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် အဖွဲ့သည် ဥတ္တရသီရိမြို့နယ် ဆင်ကျုံးတောရကျောင်းသို့ ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဘုရားစေတီများပျက်စီးဆုံးရှုံးမှုအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဘေးကင်းလုံခြုံသောနေရာ၊ လမ်းကြောင်းများကို
သတ်မှတ်ထားပါ။ ငလျင်လှုပ်နေချိန်တွင်
ပြုမူနေထိုင်ရမည့် နည်းလမ်းများကို
မိသားစုဝင်များအား အသိပေးလေ့ကျင့်ထားပါ။

# ပေါင်းတည်၌ ဖူးစားပြောင်းသီးနှံများ သီးထပ်စိုက်ပျိုးလျက်ရှိ

**ပေါင်းတည် မေ ၂၁**



ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ မြေအောက်ရေ၊ ချောင်းရေတို့မှ စိုက်ပျိုးရေရယူကာ ဖူးစားပြောင်း သီးနှံသီးထပ်စိုက်ပျိုးလျက်ရှိသည်။ တောင်သူများသည် တစ်ခင်းခုတ် တစ်ခင်းစိုက် စဉ်ဆက်မပြတ် စိုက်ပျိုးကြရာတွင် စိုက်ခင်းဟောင်းအား ပြန်လည်ထွန်ယက်ခြင်း၊ သဘာဝမြေဩဇာများ ပြန်လည်ဖြည့်တင်းပေးခြင်းများ ပြုလုပ်ပေးရကြောင်း၊ ပြောင်းပင်ရိုးများကို နွားစာအဖြစ် လည်းကောင်း၊ သဘာဝမြေဩဇာအတွက်လည်းကောင်း အသုံးပြုကြကြောင်း သိရသည်။

ပေါင်းတည်မြို့နယ်၌ ဖူးစားပြောင်းစိုက်ဧက ၁၈၃၇ ဧကရှိကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရပြီး တစ်နှစ်ပတ်လုံး စိုက်ပျိုးကာ တစ်နှစ်ပတ်လုံး ရန်ကုန်-ပြည်ကားလမ်းဘေး ဒေသဈေးကွက်တွင် လည်းကောင်း၊ အနယ်နယ်အရပ်ရပ်သို့ လည်းကောင်း တင်ပို့ရောင်းချကြကြောင်း သိရသည်။

ရွှေသား(ပြန်/ဆက်)



# ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပစေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ ပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်း ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay, OK$, Wave Money တို့၏ QR များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ဗဟိုဘဏ်မှခွင့်ပြုထားသော မိမိနှစ်သက်ရာ မည်သည့် Digital Wallet သို့မဟုတ် ဘဏ် Mobile Application မှမဆို KBZ Pay MMQR နှင့် CB Pay MMQR၊ OK$ MMQR များကို Scan ဖတ်၍ လှူဒါန်းနိုင်ပါသည်။

၃။ ဘဏ်များမှ လှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြား မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှ တစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း (Account transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ် (EDN-600018) သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်၊

(ဂ) ပြည်တွင်း/ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် -

- **SWIFT CODE – MYEBMMMY**
- **Beneficiary Name – Natural Disaster Management Fund**
- **Beneficiary A/C No–EDN–600018** သို့ လှူဒါန်းနိုင်ပါသည်။

၅။ အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည် -

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | - | - |

၆။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ခ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ (မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅) လမ်း၊ ၃၄x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**































ငလျင်လှုပ်ခတ်ပါက လဲကျသွားနိုင်သည့် အန္တရာယ်မှ ကာကွယ်ရန် ထိုင်ချပါ။ ဦးခေါင်းကို ဦးစားပေး အကာအကွယ်ယူပါ။ အခိုင်အမာဆုံးနေရာကို မြဲမြံစွာ ကိုင်ထားပါ။

# ကမ္ဘာ့နံပါတ်တစ်တင်းနစ်မယ် ဆာဘာယ်လင်ကာ ကို အံ့အားသင့်ဖွယ် အနိုင်ယူပြီး စတုဂတ်အိုးပင်းဖလား အော့စတာပင်ကို ဆွတ်ခူး

မေ ၂၀ ရက် ညနေပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် စတုဂတ်အိုးပင်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲတွင် လတ်ဗီးယားတင်းနစ်မယ် ဂျီလီနာ အော့စတာပင်ကိုက ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် အရှိုင်နာဆာဘာယ်လင်ကာကို အံ့အားသင့်ဖွယ် ၆-၄၊ ၆-၁ ရလဒ်ဖြင့် နိုင်ပွဲရယူပြီး ဖလား ဆွတ်ခူးနိုင်ခဲ့ပြီ ဖြစ်သည်။

အသက် ၂၇ နှစ်အရွယ်ရှိ အော့စတာပင်ကိုသည် နာမည်ကြီး ဆာဘာယ်လင်ကာနှင့် တွေ့ဆုံခဲ့သည့် ယခင်သုံးကြိမ်တွင် သုံးကြိမ်စလုံး ရှုံးနိမ့်ထားကြောင်း သိရသည်။

အော့စတာပင်ကိုသည် စတုဂတ်အိုးပင်းပြိုင်ပွဲ ၃၂ ဦးအဆင့်တွင် ယာစထရင်မ်ကာ၊ ၁၆ ဦး အဆင့်တွင် နာဗာရို၊ ကွာတားဖိုင်နယ်တွင် ဂရင်းဆလမ်း ချန်ပီယံ ငါးကြိမ်ရ အီဂါ ဆွီယာတက်ခ်နှင့် ဆီမီး ဖိုင်နယ်တွင် အဲလက်ဇန်ဒရိုဗာတို့ကို ကျော်ဖြတ် နိုင်ခဲ့သလို ယခု နောက်ဆုံးဗိုလ်လုပွဲတွင်လည်း နာမည်ကြီး ဆာဘာယ်လင်ကာကို ထပ်မံအနိုင်ယူ ကျော်ဖြတ်နိုင်ခဲ့သည့်အတွက် စတုဂတ်အိုးပင်း ဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူနိုင်ခဲ့ ခြင်း ဖြစ်သည်။

အော့စတာပင်ကိုသည် ယခုပြိုင်ပွဲမတိုင်မီ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ချားလ်စတန် အိုးပင်းပြိုင်ပွဲတွင် ၁၆ ဦးအဆင့်အထိသာ တက် လှမ်းနိုင်ခဲ့သည်။

၎င်းသည် မကြာမီကျင်းပတော့မည့် မက်ဒရစ် အိုးပင်းပြိုင်ပွဲတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်သွား ဖွယ်ရှိသည်။



စတုဂတ်အိုးပင်းပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲတွင် ပြိုင်ဘက်ကို အနိုင်ယူပြီးနောက် ဆုဖလားနှင့်အတူ တွေ့ရသည့် လတ်ဗီးယားတင်းနစ်မယ် အော့စတာပင်ကို။

**ပရီမီယာလိဂ်ပွဲစဉ် (၃၄)**

**မန်စီးတီး - အက်စ်တွန်ဗီလာ**

**၂၃-၄-၂၀၂၅**

မေ ၂၃ ရက် နံနက်ပိုင်းမှာ ပရီမီယာလိဂ်ပွဲစဉ် (၃၄) အဖြစ် မန်စီးတီးနဲ့ အက်စ်တွန်ဗီလာအသင်းပွဲစဉ် ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ချန်ပီယံလိဂ်ဝင်ခွင့်မျှော်လင့်ချက်အတွက် အရေးပါတဲ့ပွဲစဉ်ဖြစ်တာကြောင့် ဘယ်အသင်းက နိုင်ပွဲရယူသွားမလဲ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

## ခြေစွမ်းသာတဲ့ အသင်းထက် အဆုံးသတ်သေချာတဲ့အသင်း နိုင်ပွဲရမယ်



**မန်စီးတီး VS အက်စ်တွန်ဗီလာ** **နံနက် ၁း၃၀**

ချန်ပီယံလိဂ်ဝင်ခွင့်မျှော်လင့်ချက်အတွက် အရေးပါတဲ့ပွဲစဉ်ဖြစ်တဲ့အပြင် နိုင်ပွဲဆက်နေတဲ့အသင်းအချင်းချင်းတွေ့ဆုံမှုဖြစ်တာကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်လာမှာ သေချာတယ်။ မန်စီးတီးအသင်းမှာ အားထားရတဲ့ အဓိက တိုက်စစ်ကစားသမား ဟာလန်းဒဏ်ရာကြောင့် ပါဝင်လာဖွယ် မရှိဘူး။ နှစ်သင်းစလုံးမှာ အရည်အသွေးမြင့် ထိပ်တန်းကစားသမား တွေ အများအပြားရှိတာကြောင့် ခြေစွမ်းသာတဲ့အသင်းထက် အခွင့် အရေးကို အမိအရအသုံးချပြီး သွင်းဂိုးအဖြစ်ပြောင်းလဲနိုင်တဲ့အသင်း ကသာ နိုင်ဖွယ်ရာရှိတယ်။

| မန်စီးတီးရဲ့နောက်ဆုံးသုံးပွဲရလဒ် |
| --- |
| မန်ယူ ၀ - ၀ မန်စီးတီး |
| မန်စီးတီး ၅ - ၂ ပဲလေ့စ် |
| အဲဗာတန် ၀ - ၂ မန်စီးတီး |

| ဗီလာရဲ့နောက်ဆုံးသုံးပွဲရလဒ် |
| --- |
| ဆောက်သမ်တန် ၀ - ၃ ဗီလာ |
| ဗီလာ ၃ - ၂ ပီအက်စ်ဂျီ |
| ဗီလာ ၄ - ၁ ကာဆယ် |

| မန်စီးတီးနဲ့ ဗီလာအသင်းတို့ထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံးနှစ်ပွဲရလဒ် | | | |
| --- | --- | --- | --- |
| ဗီလာ | ၂ - ၁ | မန်စီးတီး | ပရီမီယာလိဂ် |
| မန်စီးတီး | ၄ - ၁ | ဗီလာ | ပရီမီယာလိဂ် |



**စောင့်ကြည့်ရမယ့် ကစားသမား**

ဒီဘရိုင်း (၃၃ နှစ်)

သွင်းဂိုး + ဂိုးဖန်တီးမှု = ၁၀ ကြိမ်

**စောင့်ကြည့်ရမယ့် ကစားသမား**

ဝတ်ကင်စ် (၂၉ နှစ်)

သွင်းဂိုး + ဂိုးဖန်တီးမှု = ၂၂ ကြိမ်

**စပိန်လာလီဂါ ပွဲစဉ် (၃၃)**

**ဘာစီလိုနာ - မာယော့ကာ**

**၂၃-၄-၂၀၂၅**

စပိန်လာလီဂါပွဲစဉ် (၃၃) အဖြစ် မေ ၂၃ ရက် နံနက်ပိုင်းမှာ အမှတ်ပေးဇယား ဦးဆောင်သူ ဘာစီလိုနာနဲ့ ချန်ပီယံလိဂ်ဝင်ခွင့်မျှော်လင့်ချက် ဆက်လက်ရှင်သန် ဖို့ ခြေကုန်ထုတ်လာမယ့် မာယောကာ့အသင်းတို့ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ် တာကြောင့် စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

## တိုက်စစ်ပိုင်းသာလွန်တဲ့ ဘာစီလိုနာကို မာယော့ကာ နိုင်ဖို့ မလွယ်ဘူး



**ဘာစီလိုနာ VS မာယော့ကာ** **နံနက် ၂း၀၀**

ဘာစီလိုနာက ဒီပွဲစဉ်နိုင်ရင် ဖလားဆွတ်ခူးဖို့ အတော်လေးနီးကပ်သွား မှာဖြစ်လို့ ခြေကုန်ထုတ်လာမှာပါ။ မာယော့ကာကလည်း ချန်ပီယံလိဂ် ဝင်ခွင့်မျှော်လင့်ချက်ဆက်လက်ရှင်သန်ဖို့ အသင်းကို အကောင်းဆုံး ပြင်ဆင်လာမှာပါ။ မည်သို့ပင်ဆိုစေ ဘာစီလိုနာ နိုင်ပွဲရဖွယ်ရှိတယ်။

| ဘာစီလိုနာရဲ့နောက်ဆုံးနှစ်ပွဲရလဒ် |
| --- |
| ဒေါ့မွန် ၃ - ၁ ဘာစီလိုနာ |
| ဘာစီလိုနာ ၄ - ၃ ဆဲလ်တာဗီဂို |

| မာယော့ကာရဲ့နောက်ဆုံးနှစ်ပွဲရလဒ် |
| --- |
| ဆိုစီဒက် ၀ - ၂ မာယော့ကာ |
| မာယော့ကာ ၀ - ၀ လီဂါနက်စ် |

**စောင့်ကြည့်ရမယ့် ကစားသမား**

ရာဖင်ညာ (၂၈ နှစ်)

သွင်းဂိုး + ဂိုးဖန်တီးမှု = ၂၄ ကြိမ်

**စောင့်ကြည့်ရမယ့် ကစားသမား**

ရိုဒရီဂွက်ဇ် (၃၆ နှစ်)

သွင်းဂိုး + ဂိုးဖန်တီးမှု = ၁၁ ကြိမ်



## အီဒါဆင်၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အတ္တလန္တာက အေစီမီလန်ကို အနိုင်ရ

အီတလီစီးရီးအေပွဲစဉ် (၃၃) မှ စိတ်ဝင်စားဖွယ်ရာအကောင်းဆုံးပွဲစဉ် တစ်ပွဲဖြစ်သည့် အေစီမီလန်နှင့် အတ္တလန္တာအသင်းပွဲစဉ်တွင် အတ္တလန္တာ အသင်းက ပွဲကစားချိန် ၆၂ မိနစ်တွင် ရရှိခဲ့သော အီဒါဆင်၏ တစ်လုံး တည်းသော သွင်းဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ အဆိုပါ ပွဲစဉ်ကို မေ ၂၁ ရက် နံနက် ၁ နာရီ ၁၅ မိနစ်က အေစီမီလန်အသင်းအိမ်ကွင်း၌ လက်ခံ ယှဉ်ပြိုင်ကစားခဲ့သည်။

ဥရောပဝင်ခွင့်တစ်နေရာစာအတွက် ခြေကုန်ထုတ်လာသော အေစီ မီလန်အသင်းသည် အတ္တလန္တာအသင်းကို အကောင်းဆုံးတုံ့ပြန်ကစား နိုင်ခဲ့သည်။ သို့သော်လည်း အေစီမီလန်အသင်းထက် အတ္တလန္တာအသင်း က သာလွန်သည့်ခြေစွမ်းဖြင့် ကစားနိုင်ခဲ့ပြီး အရေးပါသည့် နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။

အတ္တလန္တာအသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် စီးရီး အေပွဲစဉ် (၃၃) အပြီးတွင် ရမှတ် ၆၄ မှတ်ဖြင့် အဆင့် (၃) တွင် ရပ်တည် နိုင်ခဲ့သည်။ ပြိုင်ဘက်အေစီမီလန်အသင်းက ရမှတ် ၅၁ မှတ်ဖြင့် အဆင့် (၉) တွင် ရပ်တည်နေသည်။

အေစီမီလန်အသင်းသည် မေ ၂၄ ရက်တွင် ကိုပါအီတာလီယာဖလား ပြိုင်ပွဲ ဆီမီးဖိုင်နယ်ဒုတိယအကျော့အဖြစ် မြို့ခံပြိုင်ဘက် အင်တာ မီလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ အတ္တလန္တာအသင်း က လာမည့်ပွဲစဉ်အဖြစ် မေ ၂၆ ရက်တွင် တန်းဆင်းဇုန်ဖိအားရှိသည့် လက်ချီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

## ပုပ်ရဟန်းမင်းကြီး ဖရန်စစ်ကွယ်လွန်မှုကြောင့် မေ ၂၁ ရက်တွင် ကစားမည့် စီးရီးအေပွဲစဉ်များ ရွှေ့ဆိုင်း

ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ကွယ်လွန်မှုကြောင့် မေ ၂၁ ရက်တွင် ယှဉ်ပြိုင်ကစားရန် စီစဉ်ထားသည့် အီတလီစီးရီးအေ ပွဲစဉ် လေးပွဲကို ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် အသက် ၈၈ နှစ်အရွယ်တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း ဗာတီကန်က မေ ၂၁ ရက်တွင် ထုတ်ပြန် ကြေညာထားသည်။

တိုရီနိုနှင့် အူဒီးနိစ်၊ ကက်ဂလီယာရီနှင့် ဖီအိုရင်တီးနား၊ ဂျီနိုအာ နှင့် လာဇီယို၊ ပါးမားနှင့် ဂျူဗင်တပ်စ်စသည့် ပွဲစဉ်လေးပွဲကို အီတလီ နိုင်ငံ၏ အမျိုးသားအားလပ်ရက်ဖြစ်သော မေ ၂၁ ရက်တွင် ယှဉ်ပြိုင် ကစားရန် စီစဉ်ထားခြင်း ဖြစ်သည်။ အဆိုပါ ပွဲစဉ်များကို မေ ၂၃ ရက် ဗုဒ္ဓဟူးနေ့တွင် ပြန်လည်ယှဉ်ပြိုင်ကစားစေမည်ဖြစ်ကြောင်း သိရသည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ၂၀၁၃ ခုနှစ်တွင် ရိုမန်ကက်သလစ် ခရစ်ယာန်အသင်းတော်၏ အကြီးအကဲအဖြစ် ရွေးချယ်တင်မြှောက် ခြင်းခံရသော ပထမဆုံး လက်တင်အမေရိကလူမျိုး ဖြစ်လာခဲ့ သည်။

■ မိုးဇက် - စုစည်းသည်

## ပခုက္ကူမြို့နယ်၌ ဝိုင်ယာရှော့ခ်ဖြစ်ရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဧပြီ ၂၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ ဧပြီ ၂၀ ရက်က ဝိုင်ယာရှော့ခ် ဖြစ်ရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၁၉ ရက် ည ၁၂ နာရီခွဲတွင် ပခုက္ကူမြို့နယ် UA Interveb စီးကရက်စက်ရုံ၌ မီးလောင်မှုဖြစ်ပွားကြောင်းသတင်းအရ ပခုက္ကူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မီးသတ်ယာဉ် သုံးစီးဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ ၂၅ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး ဖြစ်စဉ်အား စိစစ်ခဲ့ရာ ပခုက္ကူမြို့နယ် ရွှေချောင်းကျေးရွာနေ စက်ရုံမှူး ခင်မောင်သန်း(၅၈)နှစ်သည် အဆောက်အအုံအတွင်း၌ စီးကရက်ဖာများအား အဲကွန်းလွှတ်ပေးထားရာမှ လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးစတင်လောင်ခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် ဂိုဒေါင်



အတွင်းရှိ စီးကရက်ဖာ ၂၅ ဖာ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သဖြင့် ခင်မောင်သန်းအား ပခုက္ကူမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**


### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ဗိုလ်ဆွန်ပက်လမ်း၊ မြေကွက်အမှတ်(ခ/၂၇၁)၊ အကွက်အမှတ်(၂၅၊ ဗိုလ်ချုပ်ရေနံစက်ကွက်)၊ ဦးပိုင်အမှတ် (က/၂၅)၊ ဦးအောင်မြင့် အမည်ပေါက် ၊ ဧရိယာ(၀ဒသမ ၀၆၁) ဧကရှိ ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးအောင်မြင့်နှင့် ဒေါ်ခင်ရီ(ကွယ်လွန်သူများ) တို့၏ ကျန်ရစ်သူအမွေဆိုင်သားသမီးများဖြစ်သော ဒေါ်ညိုညိုစန်း၊ ဒေါ်သစ်သစ်နှင်း၊ ဒေါ်ခင်ခင်ဆု၊ ဦးမျိုးညီညီအောင်တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်အောင် ၁၂/လသန(နိုင်)၀၂၀၄၂၁က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းတို့အား စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာ စာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇာနည်(LL.B,D.B.L) (စဉ်-၁၄၆၆၈)

ဒေါ်အိအိမော်(ခ)အိသဥ္ဇာအောင်(LL.B) (စဉ်-၁၈၇၂၆)

တရားလွှတ်တော်ရှေ့နေများ

အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း-၀၉-၄၂၀၃၀၀၂၆၂




## မင်္ဂလာဒုံမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား နှစ်ဦးသေဆုံးကာ နှစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် ဧပြီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ ဧပြီ ၂၀ ရက်က ယာဉ်တိုက်မှုဖြစ်ပွား၍ နှစ်ဦးသေဆုံးကာ နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၀ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မင်္ဂလာဒုံမြို့နယ် မင်္ဂလာဒုံဈေးရပ်ကွက် မင်္ဂလာကန်အနီး၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၉) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲနှင့် မင်္ဂလာဒုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ခရေပင်လမ်းအတိုင်း အနောက်မှအရှေ့သို့ ခရမ်းမြို့နယ် တကောစုကျေးရွာနေ ကျော်ထိုက်(၅၄)နှစ် မောင်းနှင်လာသည့် YGN-32 6B/---- MITSUBIHI FUSO ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ယာဘက်တွင် လမ်းလျှောက်နေသူ ကိုကျော်ဇင်ဖြိုး မော်ဘီမြို့နယ် (၁၁) ရပ်ကွက်နေ မစုလှိုင်မိုး(၂၀)နှစ်၊ မျောက်ချောကုန်းကျေးရွာနေ မပပဝင်း(၂၃)နှစ်နှင့် မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက်နေ မချောစုအေး(၂၁)နှစ်တို့အား ဝင်ရောက်တိုက်မိ၍ ကိုကျော်ဇင်ဖြိုးနှင့် မစုလှိုင်မိုးတို့တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး မပပဝင်းနှင့် မချောစုတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ကျော်ထိုက်အား မင်္ဂလာဒုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## တာချီလိတ်မြို့၌ ငွေကျပ် ၁ ဒသမ ၁၈ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၁**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၁၉ ရက် ညနေ ၃ နာရီခွဲက တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် ဗိုလ်ချုပ်လမ်းတွင် သတင်းအရ စောင့်ဆိုင်းနေစဉ် မူးယစ်ဆေးဝါး အရောင်းအဝယ်ပြုလုပ်ရန် ရောက်ရှိလာသော ညီကတ်(ခ)လောန၊ အိုက်ပလိတ်၊ ဆမ်ချင်းနှင့် ဆိုင်ခမ်းတို့ လေးဦးအား စိတ်ကြွရူးသွပ်ဆေးပြား ၆၀၂၀၀၀၊ Vigo၊ LEXUS၊ CROWN မော်တော်ယာဉ် သုံးစီးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ ယင်းနေ့ည ၁၁ နာရီတွင် စိတ်ကြွ ရူးသွပ်ဆေးပြားများ ရောင်းချခဲ့သူ ဟွေထိအား တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်ရှိ နေအိမ်၌ ဘိန်းညိုဘလောက်တုံး အလေးချိန် ၂ ဒသမ ၄၅ ကီလို၊ အိုက်စ် (မက်သ်အဖက်တမင်း) ၆ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား



ဖြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၊ လက်နက်ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

၂၈၀၀၀၊ ဘိန်း ၂၈ ဒသမ ၅ ကီလို၊ ကက်တမင်း ၁၀၀ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်ရာတွင် အသုံးပြုသည့် WY တံဆိပ်ပါ မို ၁၈ စုံ၊ ပစ္စတိုသေနတ် သုံးလက်၊ ကျည်မျိုးစုံ ၇၂၈ တောင့်၊ မော်တော်ယာဉ် သုံးစီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့၍ စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၁၈ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများ၊ လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ထပ်မံအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

## တောင်ကြီးမြို့နယ်၌ ဖဲရိုက်လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူထား

**နေပြည်တော် ဧပြီ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် သံသေကျေးရွာနေ ဖိုးဇော်(၄၃)နှစ်၏နေအိမ်၌ ဧပြီ ၁၉ ရက် ညနေ ၅ နာရီ ၁၅ မိနစ်တွင် ဖဲရိုက်လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ရွှေညောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ အိမ်ရှင်ဖြစ်သူ ဖိုးဇော်နှင့် ခွန်မောင်နု၊ ဇော်အောင်၊ တင်ဝင်း၊ ကြည်ဟိန်း၊ အောင်တင့်၊ စောထွန်းနှင့် သူဇာတို့ ရှစ်ဦးအား ဖဲရိုက်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၃၁၇၀၀၀နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဖိုးဇော်ပါ ရှစ်ဦးအား ရွှေညောင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

**ရဲပြန်ကြား**

## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၈ ရက်တွင် နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်၊ ပျဉ်းမနားခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၇ ဒသမ ၆၁၃ တန်၊ အခြားသစ် ၉ ဒသမ ၁၃၉ တန်၊ မီးသွေး ၆ ဒသမ ၀၅ တန် စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၁၉၄၆၈)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဧပြီ ၂၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၄၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၇၃၄၄၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၁၈ ရက်နှင့် ၂၁ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၁ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၁၄၆၃၄၆၈)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် နိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် သိသာစွာ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှရရှိသည့် အခွန်အခများ၊ တရားဝင်အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များအပေါ် ထိခိုက်နစ်နာမှုများလည်း ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။




မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

**သတင်းစဉ်**

## ကချင်ပြည်နယ်အစိုးရအဖွဲ့ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ကချင်ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ မြစ်ကြီးနားမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ကချင်ပြည်နယ်ဘဏ္ဍာရန်ပုံငွေ၊ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်း (၃)ခု ဆောင်ရွက်မည်ဖြစ်ပါသဖြင့် တရားဝင်လိုင်စင်ရ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင် ဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | မြို့နယ် | လုပ်ငန်း |
|---|---|---|
| (က) | မြစ်ကြီးနားမြို့ | မလိခဝန်ထမ်းအိမ်ရာ(၄)ခန်းတွဲ(၅)ထပ် အဆောက်အအုံ(၁)လုံး တည်ဆောက်ခြင်း (61'6"x51'0") |
| (ခ) | မြစ်ကြီးနားမြို့ | မေခဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ (၄)ထပ် အဆောက်အအုံ (၁)လုံး တည်ဆောက်ခြင်း (61'6"x51'0") |
| (ဂ) | မြစ်ကြီးနားမြို့ | မေခဝန်ထမ်းအိမ်ရာတိုက်အမှတ်(၂၄)တွင် လျှပ်စစ်မီးလိုင်းတပ်ဆင်ခြင်း |

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - (၂၂-၄-၂၀၂၅)ရက်
(ခ) **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - (၅-၅-၂၀၂၅)ရက်
(ဂ) **တင်ဒါအဆိုပြုလွှာတင်သွင်းရမည့်ရက်/အချိန်** - (၆-၅-၂၀၂၅)ရက် ညနေ (၁၆:၀၀)နာရီ
(ဃ) **တင်ဒါဖွင့်ပွဲဆောင်ရွက်မည့်ရက်** - ထပ်မံကြေညာပါမည်။
(င) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ပြည်နယ် ညွှန်ကြားရေးမှူးရုံး၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

၃။ တင်ဒါလျှောက်လွှာပုံစံ/တင်ဒါစည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဖုန်း-၀၇၄-၂၅၂၈၂၆၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန ထားဝယ်ခရိုင် (၁/၂၀၂၅-၂၀၂၆) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လမ်းဦးစီးဌာန၊ ထားဝယ်ခရိုင်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု/တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတား/အဆောက်အအုံလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သော စံချိန်စံညွှန်းမီ အရည်အသွေးပြည့်ဝသော တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသောကြောင့် စိတ်ပါဝင်စားသော ကုမ္ပဏီနှင့်လုပ်ငန်းရှင်များအား လာရောက်ယှဉ်ပြိုင်တင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာ၍ ဖိတ်ခေါ်အပ်ပါသည်

**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - (၁၂-၅-၂၀၂၅)ရက်၊ (ရုံးချိန်အတွင်း)
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - (၂၃-၅-၂၀၂၅)ရက်၊ မွန်းလွဲ (၂:၀၀)နာရီ
**တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်** - (၂၇-၅-၂၀၂၅)ရက်၊ နံနက် (၉:၃၀)နာရီ
**တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့

တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဆက်သွယ်စုံစမ်းနိုင်သည့် ဖုန်းနံပါတ်များ - ၀၅၉-၂၁၀၂၃၊ ၀၉-၄၀၀၄၇၅၉၉၆၊ ၀၉-၄၂၁၇၂၄၅၆၁

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**




## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ (၄)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်(၈/၂)၊ နဆရ(၁)၊ အိမ်ရာအဆင့် (၈)၊ အိမ်ရာအကွက်အမှတ် (၂)၊ အကျယ်အဝန်း(40'x60')ရှိ မြေကွက်မှာ ကိုယ်ထူကိုယ်ထ အိမ်ရာချထားရေးကော်မတီမှ ဦးဇော်မင်း (PYU-145250) အမည်ပေါက် ရရှိသောမြေကွက်နှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးစန်းထက်အောင် ၈/အလန(နိုင်)၁၆၃၆၈၅မှ တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းချက်အရ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်အမည်ပေါက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းပပစန္ဒာ (LL.B, D.B.L, D.M.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၀၄)**
**တိုက်အမှတ်-(၁၅/၉၁)၊ (ပထမထပ်-ဘယ်)၊ ဇာဝေယာလမ်း၊**
**(င/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်**
**ဖုန်း-၀၉-၉၄၆၅၄၂၂၆၂၊ ၀၉-၄၂၁၁၂၄၈၀၇**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ အနော်မာအရှေ့(၅)လမ်း၊ အမှတ်(၂၀၆/ခ) ဟုခေါ်တွင်သည့် မြေပေါ်တွင် လွှာခြင်း(၆)ထပ်မှ ဒုတိယထပ်အကျယ်အဝန်းပေ(၁၈x၅၄)ရှိ တိုက်ခန်းအား ဦးသီဟကိုကို ၁၂/သကတ(နိုင်)၁၉၅၁၄၂ မှ တရားဝင် ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းချက်အရ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်အဖြစ်ပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင် အမည်ပေါက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းပပစန္ဒာ LL.B,D.B.L,D.M.L,D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၀၄)**
**တိုက်အမှတ်-(၁၅/၉၁)၊ (ပထမထပ်-ဘယ်)၊ ဇာဝေယာလမ်း၊**
**(င/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်**
**ဖုန်း- ၀၉- ၉၄၆၅၄၂၂၆၂၊ ၀၉- ၄၂၁ ၁၂၄ ၈၀၇**

## အထွေထွေကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းကြောင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းရီ ၉/မမန(နိုင်)၁၂၄၇၄၂ သည် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၆၈၄/၂၀၂၀)ဖြင့် ဒေါ်ယင်းမာမြင့် (ဘ)ဦးဘုန်းမြင့် ၃/ဘအန(နိုင်)၁၅၂၁၉၁အား အထွေထွေကိုယ်စားလှယ်လွှဲစာလွှဲအပ်ခဲ့ပါသည်။ အဆိုပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၆၈၄/၂၀၂၀)အား ဤကြေညာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းရီ ၉/မမန(နိုင်)၁၂၄၇၄၂၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၀၇)**
**ဖုန်း-၀၉-၂၅၆၀၁၉၆၉၀**

## ဒေါ်စန္ဒာဝင်းနှင့် အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ တောင်သူစုကျေးရွာ၊ ကတွင်းခြံကျေးရွာ အုပ်စုနေ ဦးချိုစန်း (ဘ) ဦးမြင့်ရွှေ ၇/ပခန(နိုင်)၂၇၇၄၆၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဦးချိုစန်း (ဘ) ဦးမြင့်ရွှေ ၇/ပခန(နိုင်)၂၇၇၄၆၃ သည် ဒေါ်စန္ဒာဝင်း (ဘ) ဦးဝင်းနိုင် ၇/ပခန(နိုင်)၃၁၁၇၄၆နှင့် အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ရာ သားသမီး(၃)ဦး ထွန်းကားခဲ့ပါသည်။ ဒေါ်စန္ဒာဝင်းမှာ ဦးချိုစန်း ခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များ အကြိမ်ကြိမ်ပြုလုပ်ပြီး ၂၆-၃-၂၀၂၅ရက်တွင် ကလေး(၂)ဦးခေါ်ကာ နေအိမ်မှအပြီးဆင်းသွားခဲ့ပါသည်။ ထိုသို့ဆင်းသွားသည့်အချိန်မှစ၍ ဦးချိုစန်းအနေဖြင့် ဒေါ်စန္ဒာဝင်း၏ ဖြစ်ပေါ်လာမည့် ငွေကြေးအရှုပ်အရှင်းနှင့် တကွ ပြဿနာကိစ္စအဝဝတို့နှင့်ပတ်သက်ပြီး နောက်နောင် ဦးချိုစန်းနှင့် လုံးဝမသက်ဆိုင်တော့ကြောင်း ဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ ယခုကြေညာအချိန်မှစ၍ ဦးချိုစန်းအား လူမှုရေး၊ စီးပွားရေးကို နှောင့်ယှက်မှုများ တစ်စုံတစ်ရာပြုလုပ်လာပါက တရားဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း ဒေါ်စန္ဒာဝင်းနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးချိုစန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယောဒန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၂၀)**
**အမှတ်(၃/၁၀)၊ အနော်ရထာလမ်း၊ ဥသာမြို့သစ်၊**
**ရပ်ကွက်ကြီး(၂)၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြို့မ(၃)ရပ်ကွက်၊ ကွင်းအမှတ်(၅၈၈)၊ အစိုးရမရမ်းတောကွင်း၊ ဦးပိုင်အမှတ် (၂၇/၄က/၃)ဟုခေါ်တွင်သော ဧရိယာ ၀ ဒသမ ၂၉ဧကရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်ကြည်သာအေး(ခ)သန္တာရွှေစင် ၁၂/မရက(နိုင်)၁၃၀၀၃၅က အရှုပ်အရှင်းကင်း၍ ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြတ်မြတ်ချစ် ၁/မညန(နိုင်)၀၈၁၅၉၂မှ အပြီးအပိုင်ဝယ်ယူရန် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၅)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးသီဟ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၃၇၉)**
**အမှတ်(၁/၆၃)၊ ကြို့ပင်ကုန်းလမ်း၊ (၁)ရပ်ကွက်၊**
**မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၀၂၃၃၁၄၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ်နှင့်အမည် AA/မြနန္ဒာရပ်၊ ဦးပိုင်အမှတ် ၁၇၂၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကအကျယ်အဝန်းရှိဂရန်မြေကွက်အားဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဦးနေမျိုး ၇/ညလပ(နိုင်)၀၁၂၇၇၉ ထံမှ ကျွန်မဒေါ်သော်သော်ခိုင် ၉/မနတ(နိုင်)၀၅၅၁၇၀ က ဝယ်ယူရန်အတွက်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်မိတ်ဆွေထံသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သော်သော်ခိုင်**
**မန္တလေးမြို့**
**ဖုန်း-၀၉-၂၆၆၆၆၃၃၀၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊ အင်ကြင်းလမ်း၊ မြေကွက်အမှတ်(၁၀၈၂)ဟုခေါ်တွင်သော မြေအလျား x အနံပေ(၄၀ x ၆၀) အကျယ်အဝန်းရှိမြေချပါမစ်မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက် ဦးငွေသိန်း (၁၂/ဆကခ(နိုင်)၀၀၄၂၄၆) ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုသူ ဒေါ်ကလျာစိုး (၁၄/ညတန(နိုင်)၁၃၂၂၄၇) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်အေးစန္ဒာငြိမ်း(၁၂/ကမတ(နိုင်)၀၆၃၆၆၃) က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးဝင်းသူရဇော် (LL.B) | ဒေါ်ယမင်းထွေး (LL.B) | ဦးရဲသီဟ(LL.B) |
|---|---|---|
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၄၂၀၆၆) | (စဉ်-၁၂၃၆၅) | (စဉ်-၅၆၃၆၆) |

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်နေ ဒေါ်အင်ကြင်းခိုင်၏သား မောင်ကောင်းထက်နိုင် ၁၄/ဓနဖ(နိုင်)၁၈၆၆၃၀ သည် မိဘများ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ ၎င်း၏သဘောဆန္ဒအတိုင်း နေအိမ်မှထွက်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမှ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဒေါ်အင်ကြင်းခိုင်**

## ဖခင်အမည်မှန်

ပန်းတနော်မြို့နယ်၊ အမက လှိုင်းတာ Grade-5 မှ ကျောင်းဝင်အမှတ်-၀၁၀၅ မောင်ဟိန်းထက်ယံဝင်းနှင့် Grade-3 မှ ကျောင်းဝင်အမှတ်-၀၁၀၆ မောင်ကောင်းခန့်ထူးတို့၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းခန့် ၇/နတလ(နိုင်)၁၄၀၉၅၅ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၅၂၈/က၊ နွယ်ခွေအနောက်တောရပ်ကွက်၊ ဂူကြီးကျေးရွာ၊ ကဝိလမ်း၊ မြေကွက်အမှတ် (၆၁) ဟုခေါ်တွင်သော မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးကျော်ညိမ်း အမည်ပေါက် G၊ "က"၃(က) အမျိုးအစားမြေကွက်အနက်မှ အလျား ၂၅ပေ x အနံ ပေ၅၀အကျယ်ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးအောင်အောင် ၁၂/ပဘတ(နိုင်)၀၀၆၀၃၁ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စုရည်မွန် ၅/ဆလက (နိုင်)၀၉၉၉၉၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| ဒေါ်အေးမြင့်မောင် (ဥပဒေဘွဲ့) | ဒေါ်မြတ်ဆုဝေ (ဥပဒေဘွဲ့) |
|---|---|
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၈၅၈) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၁၁) |

**တိုက်(၄)၊ အခန်း(၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်)ဘက်ခြမ်း၊**
**(၈)မိုင်မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၉၉၉၈၅၉၀၂၊ ၀၉-၄၅၅၇၅၀၁၉၂**

## ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးမျိုးမင်းဦး ၁၂/မရက(နိုင်)၁၀၈၇၄၈ ၏ ပတ်စ်ပို့နံပါတ် (MD-469162) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၈၇၃၆၃၂၃**

## ရေယာဉ်ပိုင်ရှင် အမည်ပြောင်းလဲခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနတွင် မှတ်ပုံတင်ထားသော **"ကြယ်ဇင်လင်း-၁"** အမည်ရှိ မြိတ်ခရိုင်နှင့်ကော့သောင်းခရိုင် ငါးသယ်ရေယာဉ် **(ရေယာဉ်မှတ်ပုံတင်အမှတ်၊ MD/0052/22)** ရေယာဉ်၏ တန်ချိန်-၂၁ ဒသမ ၀၀ အား ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဦးသန့်ဇင်ဦး ၆/ဘပန(နိုင်)၀၃၈၉၅၄ အမည်မှ ဒေါ်စန်းစန်းဦး ၁၂/တကန(နိုင်)၁၃၈၈၆၄ အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းလဲရန် ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဒုတိယညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြိတ်မြို့သို့ လိပ်မူ၍ ရက်ပေါင်း ၃၀ အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/27737

Honda Wave 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်သန်း ၁၄/ပသန(နိုင်)၀၅၀၅၀၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ၊ ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 83W/84627

Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော်မြင့် ၁၄/ကကတ(နိုင်)၁၂၂၄၀ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့် ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်
### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရတနာသိဃ်လမ်း၊ အမှတ်(၂၇) နေ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်-၂၏ မိခင်ကြီး ဒေါ်မြင့်မြင့်သည် ၂၀-၄-၂၀၂၅ရက်(တနင်္ဂနွေနေ့) ညနေ(၅:၂၅)နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ
စက်မှုလယ်ယာဦးစီးဌာန

## အထူးဝမ်းနည်းကြေကွဲခြင်း
## အန်တီ ဒေါ်မြင့်မြင့်
### အသက်(၈၉)နှစ်

သူငယ်ချင်း ဦးခင်ဇော် (ညွှန်ကြားရေးမှူးချုပ်)၏ မိခင်ကြီးသည် ၂၀-၄-၂၀၂၅ရက် ညနေ (၁၇:၂၅)နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမိုးသန်းချစ်
ဦးဇော်ဝင်းချစ်-ဒေါ်ကြည်ကြည်စိုး(ဖြူဖွေး)
ဦးသော်တာချစ်

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်
### (ကျောင်းဆရာမ-ငြိမ်း)
### အသက်(၈၉)နှစ်

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ မိခင်ကြီးသည် ၂၀-၄-၂၀၂၅ရက် (တနင်္ဂနွေနေ့) တွင် (၈၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲဖြစ်ရပါသည်။

ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ
ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
နေပြည်တော်ထိန်းသိမ်းရေး၊ မန္တလေးတိုင်းထိန်းသိမ်းရေး
တည်ဆောက်ရေး(၇)၊ စက်မှုတိုင်း(၂)၊ စက်မှုတိုင်း(၄)
ညွှန်ကြားရေးမှူး(ငွေစာရင်း)နှင့် ဝန်ထမ်းများ

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်
### (ကျောင်းဆရာမ-ငြိမ်း)
### အသက်(၈၉)နှစ်

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏မိခင်ကြီးသည် ၂၀-၄-၂၀၂၅ရက်(တနင်္ဂနွေနေ့)တွင် (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲပါသည်။

ညွှန်ကြားရေးမှူး၊ ဆည်/ရေ ဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး
ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး(၃)
ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး(၈)
ညွှန်ကြားရေးမှူး၊ ရေအားလျှပ်စစ်ဌာနခွဲ(၁)
ညွှန်ကြားရေးမှူး၊ စက်မှုတိုင်း(၃)နှင့်
မကွေးတိုင်းဒေသကြီး၊ ဆည်/ရေ ဦးစီးဌာန ရုံးများမှ ဝန်ထမ်းများ

## ရဟန်းဒါယကာကြီး
## ဦးခင်မောင်မောင်အေး(ခ)ဦးမှတ်ကြီး
### အသက်(၆၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်နေ(ဦးမောင်မောင်ကြီး-ဒေါ်သန်းအိ)တို့၏သား၊ (ဦးအောင်ကြီး-ဒေါ်ယဉ်အေး) တို့၏သားသမက်၊ ဒေါ်သန်းသန်းမြင့် ၏ခင်ပွန်း၊ ဒေါ်ကြည်လဲ့ဝေ ၏ဖခင်၊ ဦးခင်မောင်မောင်သန်း-ဒေါ်စုစုထွေး တို့၏ညီ၊ ဦးခင်မောင်မောင်အုန်း-ဒေါ်ဆွေဆွေဝင်း၊ ဦးခင်မောင်မောင်စန်း-ဒေါ်ညိုညိုစန်း၊ ဦးခင်မောင်မောင်သောင်း- ဒေါ်သိမ့်သိမ့်၊ ဦးခင်မောင်မောင်သင်း-ဒေါ်စပယ်အောင် တို့၏အစ်ကိုဖြစ်သူသည် ၂၁-၄-၂၀၂၅ ရက် (တနင်္လာနေ့) တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၃-၄-၂၀၂၅ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဒါတဗ္ဗဝတ္ထုအစုစုတို့နှင့်တကွ ရေစက်သွန်းချအမျှပေးဝေလိုပါသောကြောင့် ၂၇-၄-၂၀၂၅ရက်(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အမှတ်(၅၉)၊ အနော်မာ(၃)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်
### အသက် (၈၉)နှစ်

ရန်ကုန်မြို့ ၊ စမ်းချောင်းမြို့နယ်၊ ရတနာသိခ်လမ်း၊ အမှတ်(၂၇) နေ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးခင်ဇော်-၂၏ မိခင်ကြီး ဒေါ်မြင့်မြင့်သည် ၂၀-၄-၂၀၂၅ရက် (တနင်္ဂနွေနေ့)ညနေ (၅:၂၅)နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာရဲတင့်ထွန်း
ညွှန်ကြားရေးမှူးချုပ်နှင့်စိုက်ပျိုးရေးဦးစီးဌာနမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်
### (ကျောင်းဆရာမ-ငြိမ်း)
### အသက်(၈၉)နှစ်

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ မိခင်ကြီးသည် ၂၀-၄-၂၀၂၅ရက် (တနင်္ဂနွေနေ့) တွင် (၈၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲဖြစ်ရပါသည်။

မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး
ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများ

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့် (ကျောင်းဆရာမ-ငြိမ်း)
### အသက်(၈၉)နှစ်

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ မိခင်ကြီးသည် ၂၀-၄-၂၀၂၅ရက် (တနင်္ဂနွေနေ့)တွင် (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

စက်မှုဌာနခွဲနှင့် စက်မှုတိုင်းဝန်ထမ်းများ၊
ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

## ဒေါ်လှမြင့်(ချောင်းဆုံ)
## မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း(ငြိမ်း)
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ အိမ်အမှတ်(၆၅၅)နေ (ဦးထွန်းဝေ)၏ဇနီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊အင်းဝလမ်း၊ အိမ်အမှတ်(၄၀၈)နေ ဦးဇော်နိုင်-ဒေါ်သူဇာသွင်တို့၏မိခင်၊ မောင်တည်တံ့(ခေတ္တ-UK)၊ မောင်သုသန့်(ES4E)တို့၏အဘွား ဒေါ်လှမြင့်သည် ၂၀-၄-၂၀၂၅ရက်(တနင်္ဂနွေနေ့) ညနေ ၆နာရီခန့်တွင် နှင်းဆီကုန်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၂၅ ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ် (၂)အိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၄-၂၀၂၅ရက်(စနေနေ့)တွင် တောင်ဥက္ကလာပမြို့ နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ ဇာနည်(၁၄)လမ်း၊ မြေကွက်အမှတ်(၆၄၃)ဟုခေါ်တွင်သော မြေငှားဂရန်မူရင်းတွင် ဒေါ်တူး(AC-၀၃၈၂၈၉)အမည်ပေါက် အလျား(၂၀)ပေ x အနံ(၆၀)ပေ၊ ဧရိယာ(၁၂၀၀)စတုရန်းပေမြေကွက်၏ တရားဝင်ခွဲစိတ်ထားခြင်းမရှိသေးသည့် (ကျောင်းနှင့်ကပ်လျှက်ဘက်အခြမ်း)၊ အလျား(၁၀)ပေxအနံ(၆၀)ပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အအုံအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အား အမွေခွဲဝေရယူခြင်း ဝန်ခံကတိစာချုပ်၊ တရားရုံးကျမ်းကျိန်လွှာတို့နှင့်အတူ မိမိသာလျှင်တစ်ဦးတည်းသော အမွေဆက်ခံရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုရောင်းချသူ ဒေါ်အိအိခင် ၁၂/ဥကတ(နိုင်)၁၆၄၅၃၆ထံမှကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဒေါ်ရင်မွန်အေး ၁၂/မရက(နိုင်)၀၄၁၁၇၈မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ယခုကြော်ငြာစာပါသည့်ရက်မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ရင်မွန်အေး၏ လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဒေါ်ဥမ္မာမြင့် (LL.B,D.B.L) | ဒေါ်မြတ်နိုးခင်(LL.B) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| စဉ်-၈၃၅၁(၁၃.၉.၂၀၁၂) | စဉ်-၅၃၁၅၀ (၃၀.၆.၂၀၂၀) |

အမှတ်(၈၉၉)၊မဟာဗန္ဓုလလမ်း၊(၃၁)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)
မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၈၇၂၃၀၉၈၉၂

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အုံးရင်
### အထက်တန်းကျောင်းအုပ်ဆရာမကြီး (ငြိမ်း) အ.ထ.က ဆွာ ၊ အ.ထ.က ၄ ပဲခူး၊ အ.ထ.က မြေပုံ
### အလယ်တန်းကျောင်းအုပ်ဆရာမကြီး (ငြိမ်း) အ.လ.က ၃ ကျောက်ဖြူ
### အထက်တန်းပြ (ငြိမ်း) အ.ထ.က ကျောက်ဖြူ၊ အ.ထ.က ၁ လှိုင်၊
### လက်ထောက်ကထိက(ငြိမ်း) ကျောက်ဖြူ ဆရာအတတ်သင်ကျောင်း
### အသက်(၉၂)နှစ်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နေ(ဦးဘ-ဒေါ်စောဦး)တို့၏သမီး၊ ပခုက္ကူမြို့နေ(ဦးအောင်ဘို-ဒေါ်ရေ)တို့၏ သမီးချွေးမ၊ တိုက် ၂၊ ပြည်သာယာအိမ်ရာ၊ ဘောက်ထော်ဘုတာရုံလမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးကျော်ဇင်) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ငြိမ်း)၏ဇနီး၊ (ဦးသာထွန်းဦး(ဌာနာအုပ်(ငြိမ်း)-ဒေါ်ဖြူ)၊ (ဗိုလ်ကြီးဦးသာထွန်း(ငြိမ်း)-ဒေါ်စောလှ)၊ (ဦးကံကြီး) [အထက်တန်းကျောင်းအုပ်ကြီး ငြိမ်း အ.ထ.က ၂ နှင့် အ.ထ.က.၄၊ မေမြို့]၊ (ဒေါ်လှခင်)(ကုန်သွယ်ရေး-၁၀၊ ငြိမ်း)၊ (ဒေါ်ညီမလေး) (လက်ထောက်ကြီးကြပ်ရေးမှူး၊ ရခိုင်ပြည်နယ်ပညာရေးမှူးရုံး-ငြိမ်း)၊ (ဦးသံဒိုင်-ဒေါ်သန်းစိန်)(မူလတန်းပြ- ငြိမ်း)တို့၏ ညီမနှင့် (ဦးမင်းဟန်-ဒေါ်ရင်ရင်)၊ ဒေါ်ခင်ထွေးရီ-(ဦးသန်းမြ)တို့၏ အစ်မ၊ ဒေါက်တာ စမ်းနွယ်ဇင်၊ ဦးမင်းမင်းဇင်(United Wood Industries Co.,Ltd.)-ဒေါ်နီနီအေးထွန်း (ရောဝတီဘဏ်)တို့၏ ချစ်လှစွာသော ကျေးဇူးရှင်မိခင်ကြီး ဒေါ်အုံးရင် သည် ၁၃-၄-၂၀၂၅ရက် မွန်းလွဲ ၁၂:၀၂နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီဖြစ်ပါကြောင်းနှင့် ကြွင်းကျန်သောရုပ်ကလာပ်ကို ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု

## ဦးသန်းကျော်ကျော်
## ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ (ကျောင်းအုပ်ကြီး၊ ဗဟိုမီးသတ်သင်တန်းကျောင်း)
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဣစ္ဆာသယလမ်း၊ အမှတ်(၂၅၊ လေးလွှာ)နေ (ဦးခင်မောင်ကြီး-ဒေါ်ခင်သိန်း) တို့၏သား၊ (ဦးကံမြင့်-ဒေါ်ကျင်မြ) တို့၏သားသမက်၊ ဒေါ်စန်းစန်းအေး၏ မောင်၊ ဦးအေးမြင့်၊ ဦး အောင်ကိုကို၊ ဦးညီညီလွင်၊ ဒေါ်စန်းစန်းယု တို့၏အစ်ကို၊ ဒေါ်ကြူကြူ၏ ချစ်လှစွာသောခင်ပွန်း၊ မဖြူဖြူကျော်၊ မဝင်းလဲ့ရည်၊ မသီဂီရွှေရည်တို့၏ ချစ်လှစွာသောဖခင်သည် ၂၁-၄-၂၀၂၅ရက်(တနင်္လာနေ့) နံနက် ၅:၃၀နာရီတွင် (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကျန်ရစ်သောရုပ်ကလာပ်အား ၂၃-၄-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ (၃:၃၀)နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ (၁:၃၀)နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၇-၄-၂၀၂၅ရက် (တနင်္ဂနွေနေ့) နံနက်တွင် ဘုရားအမှူးရှိသော ပင့်သံဃာအရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်း အမျှအတန်းပေးဝေမည်ဖြစ်ပါသောကြောင့် တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဣစ္ဆာသယလမ်း၊ အမှတ်(၂၅)၊ (၄)လွှာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးခင်မောင်သင်း
### ဌာနခွဲမှူး(အင်/ယာ)၊ စစ်ဆေးရေးဌာန၊
### မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
### အသက်(၆၁)နှစ်

ဦးဉာဏ်လင်းထက်(လက်ထောက်ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၏ ချစ်လှစွာသော ဖခင် ဦးခင်မောင်သင်း အသက်(၆၁)နှစ်သည် ၂၀-၄-၂၀၂၅ ရက် (တနင်္ဂနွေနေ့) ညနေ ၅:၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ
အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်စီးပွားရေးဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်
### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရတနာသိဃ်လမ်း၊ အမှတ်(၂၇)နေ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်-၂ ၏ မိခင်ကြီး ဒေါ်မြင့်မြင့်သည် ၂၀-၄-၂၀၂၅ရက်(တနင်္ဂနွေနေ့)ညနေ(၅:၂၅)နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ
ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်
### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရတနာသိဃ်လမ်း၊ အမှတ်(၂၇)နေ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်-၂ ၏ မိခင်ကြီး ဒေါ်မြင့်မြင့်သည် ၂၀-၄-၂၀၂၅ရက်(တနင်္ဂနွေနေ့)ညနေ(၅:၂၅)နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ
I.T.C(ပဲခူး)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၁ယ/၈၄၇၈၈,Honda Click- 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မစာဥ ၆/လလန(နိုင်)၁၅၈၇၆၆ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီး
ဦးစီးမှူးရုံး(ထားဝယ်)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၈ယ/၆၆၂၈, Honda Click-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မီမီချို ၆/ထဝန(နိုင်)၀၀၀၄၄၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီး
ဦးစီးမှူးရုံး(ထားဝယ်)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၆ယ/၆၀၄၈၄, Honda Dream -125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သောင်းကြည် ၆/သရခ(နိုင်)၀၀၇၃၇၁က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီး
ဦးစီးမှူးရုံး(ထားဝယ်)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၂၉၅၄၁, Honda Wave -100, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အုန်းတင် ၆/ထဝန(နိုင်)၀၄၈၃၁၈က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီး
ဦးစီးမှူးရုံး(ထားဝယ်)

## မူးယစ်ကိုပစ်
## ပန်းတိုင်သစ်
## စိတ်သစ်
## လူသစ်
## ဘဝသစ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စာမတတ်သူသည် ထိုင်နေသည့်လူနှင့်တူ...**

❖ **စာတတ်ပြီး စာမဖတ်သည့်သူမှာ ရပ်နေသည့်လူနှင့်တူ . . .**

❖ **စာတတ်ပြီး စာလည်းဖတ်သည့်သူမှာတော့ လမ်းလျှောက်နေသည့်သူနှင့်တူ ...**

❖ **လူငယ်များအပါအဝင် ပြည်သူများ စာဖတ်ကြစေရန် မိမိတို့အားပေးကြရမည်ဖြစ် ...**

❖ **စာပေလေ့လာဖတ်ရှုနိုင်မည့် ပတ်ဝန်းကျင်များ ဖန်တီးပေးကြရမည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ/တပ်ရင်းတပ်ဖွဲ့ စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

**ယနေ့ သတင်းအညွှန်း**



**ပုပ်ရဟန်းမင်းကြီး ဖရန့်စစ် အသက် ၈၈ နှစ်တွင် ကွယ်လွန်**

နိုင်ငံတကာသတင်း စာ ၁၄



**အိမ်ဖြူတော်အစိုးရ သက်တမ်းသုံးလအကြာ ဖြစ်ပေါ်လာသည့် ထရမ့်ဆန့်ကျင်ရေး ဆန္ဒပြပွဲများ**

နိုင်ငံတကာရေးရာ စာ ၁၅

**ကမ္ဘာ့နံပါတ်တစ်တင်းနစ်မယ် ဆာဘယ်လင်ကာကို အံ့အားသင့်ဖွယ် အနိုင်ယူပြီး စတုဂတ်အိုးပင်းဖလား အော့စတာပင်ကို ဆွတ်ခူး**

နိုင်ငံတကာအားကစားမြင်ကွင်း စာ ၂၇

**တာချီလိတ်မြို့၌ ငွေကျပ် ၁ ဒသမ ၁၈ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ**

မှုခင်းသတင်း စာ ၂၈

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၁) ယနေ့ စတင်ကစားမည်



မြဝတီအသင်း လေ့ကျင့်နေစဉ်။

ရန်ကုန် မေ ၂၁

၂၀၂၅-၂၀၂၆ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၁) ကို မေ ၂၂ ၊ ၂၃ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး အသင်းစုစုပေါင်း ကိုးသင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို ဧပြီ ၁ ရက်တွင် စတင်ကျင်းပရန် စီစဉ်ထားသော်လည်း မတ် ၂၈ ရက်က ဖြစ်ပေါ်ခဲ့သည့် မန္တလေးငလျင်ကြောင့် ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။ ယခုရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် အသင်းစုစုပေါင်း ကိုးသင်းဖြင့် ကျင်းပမည်ဖြစ်ပြီး အသင်းသစ်အဖြစ် ရန်ကုန်ရှိုင်ရယ်အသင်း ပါဝင်ယှဉ်ပြိုင်မည် ဖြစ်သည်။

*စာမျက်နှာ ၂၃ ကော်လံ ၁* ❑

# ဗယ်လ်ဗာဒီ၏ နောက်ကျသွင်းဂိုးကြောင့် ရီးရဲမက်ဒရစ်က ဘီလ်ဘာအိုကို အနိုင်ရ

မေ ၂၁ ရက် နံနက် ၁ နာရီခွဲက ဘာနေဗျူးကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ရီးရဲမက်ဒရစ်နှင့် ဘီလ်ဘာအိုအသင်း ပွဲစဉ်တွင် ရီးရဲမက်ဒရစ်အသင်းက ပွဲကစားချိန်ပြည့်ခါနီးတွင် ရရှိခဲ့သော ဗယ်လ်ဗာဒီ၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ အဆိုပါ ပွဲစဉ်မှာ စပိန်လာလီဂါပွဲစဉ် (၃၂) ကို ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး ပရိသတ် ၇၂၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။

ရီးရဲမက်ဒရစ်အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ဦးဆောင်သူ ဘာစီလိုနာအသင်းနှင့် ရမှတ် ကွာဟမှု လျှော့ချနိုင်ခဲ့ပြီး ဖလားဆွတ်ခူးရေး မျှော်လင့်ချက် ဆက်လက်ရှင်သန်ခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းသည် အဓိကတိုက်စစ်ကစားသမား အမ်ဘာပေ အနီကတ်ကြောင့် ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံထားရသော်လည်း အားထားရသည့် ကစားသမားအစုံအလင်ဖြင့် ဘီလ်ဘာအိုအသင်းကို ရင်ဆိုင်လာခဲ့သည်။

*စာမျက်နှာ ၂၃ ကော်လံ ၁* ❍



ရီးရဲမက်ဒရစ်အသင်း တောင်ပံတိုက်စစ်ကစားသမား ဗင်နီစီးယပ်စ်၏ ထိုးဖောက်တိုက်စစ်ဆင်မှုကို ဘီလ်ဘာအို ကစားသမား ဖြတ်ထုတ်ဟန့်တားစဉ်။